# ဗုဒ္ဓဝါဒ လမ်းစဉ်

ရေစကြို အရှင်ဧသိက

## ဘဝဆိုသည်မှာ

ဘဝဆိုသော ဝေါဟာရသည် မြန်မာတို့ နှုတ်ဖျားတွင် ထပ်မနား ပြောကြားနေသော ဝေါဟာရတစ်ခု ဖြစ်သည်။ ထိုဝေါဟာရသည် မြန်မာဝေါဟာရ စစ်စစ် မဟုတ်ပေ။ ပါဠိဘာသာမှ ယူငင်သုံးစွဲထားခြင်း ဖြစ်သည်။ ပါဠိဘာသာ အဘိဓာန်ကျမ်းများ၌ ဘဝအနက်ကို ခုနစ်ခုမျှ ဖော်ပြထားလေသည်။

ယခုဖော်ပြလိုသည့် ဘဝ၏ အနက်မှာ ဖြစ်ခြင်း၊ လားရောက်ခြင်းဟူသော အနက်နှင့် လျော်ညီနေပေသည်။ ထို့ကြောင့် ဘဝအမည်ကို မြန်မာဘာသာဖြင့် ဖြစ်ရာ၊ ရောက်ရာဟု ပြန်ဆိုကြရပါလိမ့်မည်။

သက္ကတဘာသာရေး ကျမ်းတို့၌ ‘ ဂတီး ’ ဟူသော ပုဒ်ကို ဘဝနှင့် အလားတူ သုံးနှုန်းထားကြသည်။ ဂတီးသည် ပါဠိဘာသာ ဂတိနှင့် တူပေသည်။ ဂတိကိုလည်း ပါဠိအဘိဓာန်တို့က အနက်အမျိုးမျိုး ပြဆိုထားကြသည်။ ထိုတွင် ဒေဝဂတိစသော ဘုံဘဝအမျိုးမျိုးတို့၌ လားရောက်ခြင်းဟူသော အနက်ကို ရယူကြရလိမ့်မည်။

သို့ဖြစ်လျှင် ဘဝနှင့် ဂတိအဓိပ္ပာယ်ကို “ သက်ရှိသတ္တဝါ အဖြစ်ကို ရရှိခြင်း၊ လားရောက်ရခြင်း ” ဟု အနက်ပြန်ဆိုရမည် ဖြစ်ပေသည်။

ဤတွင် သက်ရှိသတ္တဝါဟူသော စကားကို ထပ်မံ လေ့လာရတော့မည်။ သက်ရှိဟူသော သဇီဝတရားသည် မည်သည့်အရာကို ခေါ်ဆိုနေကြသနည်း။

## သက်ရှိ သက်မဲ့ ပြဿနာ

ဗုဒ္ဓဘုရားရှင် လက်ထက်က သက်ရှိ သက်မဲ့ သဘောတရားကို ယုံကြည်ချက် ခံယူချက်ချင်း ခြားနားနေကြသည်။ ထိုအချိန်က အိန္ဒိယနိုင်ငံရှိ လူများသည် တော တောင် ရေ မြေ သစ်ပင်စသော အရာဝတ္ထုတို့ကို သက်ရှိတရားများဟူ၍ ခံယူနေကြသည်။

ဘုရားရှင်လက်ထက်က အာဠဝီပြည်သား ရဟန်းတို့သည် အဂ္ဂါဠဝစေတီ ဝန်းကျင်တွင် သစ်ပင် ဝါးပင်တို့ကို ခုတ်ထွင် ရှင်းလင်းကြသည်။ ထိုအခါ လူဒါယကာတို့က သက်ရှိပစ္စည်းများကို ဖျက်ဆီးကြသည်ဟု ကဲ့ရဲ့ပြစ်တင်ကြသည်။ ထိုအကြောင်းကြောင့် ဘုရားရှင်က “ *သင်တို့သည် အဘယ့်ကြောင့် သစ်ပင်ကို ခုတ်ဖြတ်ကြကုန်သနည်း၊ လူဒါယကာတို့သည် သစ်ပင်၌ အသက်ရှိသည်ဟု မှတ်ထင်ကြကုန်၏၊* ”ဟု ပြစ်တင်ခဲ့ဖူးပါသည်။

သစ်ပင် တော တောင် အစရှိသည်တို့ကို အသက်ရှိသော အရာဝတ္ထုများဟု ခံယူရုံမျှ မကပေ။ ထိုအရာဝတ္ထုတို့ကို ကိုးကွယ်ဆည်းကပ် နေသူများလည်း ရှိနေပေသည်။ ယင်းသို့ ကိုးကွယ်သဖြင့် ဘေးအန္တရာယ်တို့မှ ကင်းလွတ်နိုင်သည်ဟုလည်း ယုံကြည်နေကြသည်။

ဗုဒ္ဓဘုရားသည် အင်္ဂတိုင်းနှင့် မဂဓတိုင်းတို့အကြား တစ်ခုသော သဲစု၌ နေစဉ် အဂ္ဂိဒတ္တရသေ့တစ်ဦးသည် “ တော တောင်ကို ကိုးကွယ်ကြလော၊ သစ်ပင်ကို ကိုးကွယ်ကြလော၊ ” စသည်ဖြင့် ဟောပြ ဆုံးမနေသည်။ ထိုရသေ့၏ ဟောပြောချက်တို့ကို ဘုရားရှင်က–

*“ဘေးကို ကြောက်ရွံ့ထိတ်လန့်ကုန်သော လူသားတို့သည် တောင်ကိုလည်းကောင်း၊ တောကိုလည်းကောင်း၊ အဓိကရ သစ်ပင်ကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြကုန်၏။ ဤသို့ ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘေးရန်ကင်းသော ကိုးကွယ်မှု မဟုတ်ပေ။ ဤ တော တောင် သစ်ပင်အပေါင်းတို့သည် မြင့်မြတ်သော ကိုးကွယ်ရာ မဟုတ်ပေ။ ဤကိုးကွယ်မှုကို စွဲ၍ ခပ်သိမ်းသော ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ပေ။–* ”

ဟု ဓမ္မပဒပါဠိတော် အဂ္ဂိဒတ္တဗြာဟ္မဏဝတ္ထု၌ ဟောပြခဲ့သည်။

ဗုဒ္ဓဘုရားရှင်နှင့် ခေတ်ပြိုင်ပေါ်ပေါက်ခဲ့သော ဝါဒရေးခေါင်းဆောင် မက္ခလိဂေါသာလ

ကလည်း “ သလေးမုယောစသည် မြက်သစ်ပင်တို့ကို ကြီးပွားစည်ပင်ခြင်း သဘောရှိ၍ အသက်ရှိသည်၊ ” ဟု ယူဆသည်။

နိဂဏ္ဍနာဋ္ဌပုတ္တကလည်း “ ရေအေး၌ အသက်ရှိသည်၊ ” ဟု ယူဆသည်။ ထို့ပြင် သံကြေးစသည်တို့ကို အသက်ရှိသည်ဟု ယူဆကြသူတွေလည်း ရှိနေပေသည်။

## သဘာဝကိုးကွယ်မှုဘာသာ

သစ်ပင် တော တောင်စသည်တို့ကို အသက်ရှိသည်ဟု ခံယူလျက် ကိုးကွယ်ခဲ့ကြသည်မှာ အိန္ဒိယနိုင်ငံတစ်ခုတည်း မဟုတ်ပေ။ အခြားနိုင်ငံတို့၌လည်း မိမိတို့ဒေသ အခြေအနေကို အမှီပြု၍ သက်မဲ့ကိုးကွယ်မှုများ ပေါ်ပေါက်နေခဲ့ကြသည်။

အီဂျစ်နိုင်ငံသည် အိန္ဒိယနိုင်ငံထက် များစွာ ရှေးကြသော ကာလကပင် သစ်ပင်၊ ကျောက်တုံး၊ တောင်ထွတ်၊ ရေတံခွန်၊ စမ်းချောင်းစသည်တို့ကို သက်ရှိအသွင်ဖြင့် ကိုးကွယ်ခဲ့ကြသည်။ ထို့ပြင် အီဂျစ်တို့ ယုံကြည်မှုတွင် ဝိညာဉ်ကောင်ဆိုသော အရာလည်း ရှိပေသည်။ ထိုဝိညာဉ်ကောင်သည် ပန်းမန်တို့၌လည်းကောင်း၊ ကုန်းသတ္တဝါ၊ ရေသတ္တဝါ သဏ္ဍာန်ကိုလည်းကောင်း ဆောင်နိုင်သည်ဟု ဆိုပါသည်။ ထိုဝိညာဉ်သည် နောင်အခါ၌ အန္ဒိယနိုင်ငံသို့ ကူးစက်သွားရာ ‘ ပရမအတ္တ ’ ဟူသော အမည်ဖြင့် ဖန်းဆင်းရှင်ဘုရားကြီးအဖြစ် ယုံကြည်ကိုးကွယ်ခဲ့ကြလေသည်။

သစ်ပင်နှင့် သတ္တဝါတို့၏ ခန္ဓာထဲ၌ အသက်ဝင် လှုပ်ရှားစေသော ဓာတ်တစ်ခုလည်း ရှိပြန်သည်။ ထိုဓာတ်ကို ‘ **ခ** ’ ဟု ခေါ်၏။ ထိုအသက်ဓာတ်သည် ခန္ဓာရုပ်တစ်ခု ကုန်ဆုံးခဲ့သော် ထိုခန္ဓာနှင့်အတူ တမလွန်ဘဝသို့ လိုက်ပါသွားသည်ဟု ယုံကြည်ကြသည်။ ထိုအသက်ဓာတ် ခေါ်သော အယူအဆသည်လည်း ဗုဒ္ဓဘုရား ပွင့်ထွန်းလာချိန်၌ ‘ ဇီဝအတ္တ ’ ဟူသော အမည်ဖြင့် အိန္ဒိယသားတို့ လက်ခံယုံကြည်နေမှုနှင့် တူညီနေပေသည်။

ဤကဲ့သို့ သဘာဝရုပ်ပစ္စည်းတို့ အပေါ်၌ အသက်သွင်းကာ ယုံကြည်ကိုးကွယ်ခြင်း ပြုခဲ့ကြသည်ကို ကမ္ဘာမြေ အနှံ့အပြား၍ တွေ့ရှိနေရပေသည်။

ဂျပန်နိုင်ငံ၏ ရှေးဟောင်းဘာသာဖြစ်သော ရှင်တိုဘာသာတွင်လည်း နေ လ နက္ခတ်တာရာ မိုး လေ မြေ မီးတောင် ပင်လယ်မှစ၍ တိရစ္ဆာန် အမျိုးမျိုးနှင့် သစ်ပင် နွယ်ပင်စသည်တို့ကို ကိုးကွယ်ကြသည်။

မြန်မာတို့၏ ရှေးရိုးရာဓလေ့တွင်လည်း တောနတ်၊ တောင်နတ်၊ လယ်ယာနတ်၊ သစ်ပင်နတ်စသည်ဖြင့် ကိုးကွယ်မှုများ ရှိခဲ့သည်။ ယနေ့အထိလည်း ထိုအယူအဆများ မပျောက်ပျက်နိုင်သေးဘဲ ဆည်းကပ်ကိုးကွယ်လျက် ရှိနေကြဆဲ ဖြစ်ပေသည်။

ရှေးဟောင်းကမ္ဘာ တစ်ခွင်၌ ဤကဲ့သို့ သစ်ပင်စသော အရာဝတ္ထု ပစ္စည်းများကို ကိုးကွယ်သော ဘာသာကို ‘ သဘာဝကိုးကွယ်မှုဘာသာ ’ ( Nature Worship ) ဟု ခေါ်သည်။

ဤသဘာဝကိုးကွယ်မှုဘာသာ၏ ဩဇာရိပ်ကို ခံယူလျက် သစ်ပင်ကို အသက်ရှိသော ဘဝတစ်ခုအဖြစ် အိန္ဒိယသားတို့ လက်ခံယုံကြည်နေခဲ့ကြသည်။ သို့ဖြစ်၍ ဗုဒ္ဓမပွင့်မီက ပေါ်ပေါက်ခဲ့သော ဗြာဟ္မဏဘာသာထဲတွင် သစ်ပင်ကို ဘဝတစ်ခုအဖြစ် ထည့်သွင်းထားခဲ့ကြလေသည်။

## သိပ္ပံနည်းပြ သက်ရှိဘဝ

ခေတ်သစ် သိပ္ပံပညာရှင်တို့၏ အယူဝါဒအရလည်း သစ်ပင်မျိုးနွယ်နှင့် သတ္တဝါတို့ကို ‘ သက်ရှိ ’ (သဇီဝ) ဟု သတ်မှတ်ထားကြသည်။ ဤသို့ သတ်မှတ်သည်မှာ ဇီဝဗေဒခေါ် ဗိုင်အို

လိုဂျီ ( Biology ) ပညာရှင်တို့၏ သတ်မှတ်ချက် ဖြစ်သည်။

ဇီဝဗေဒပညာသည် သက်ရှိတရား၊ သို့မဟုတ် သဇီဝတို့နှင့် ပတ်သက်သော အကြောင်းအကျိုးကို လေ့လာသော ပညာရပ် ဖြစ်သည်။ ဇီဝဗေဒပညာရှင်တို့၏ ယူဆချက်အရ သစ်ပင်လောကနှင့် သတ္တဝါလောကသည် ပင်မမျိုးရင်း တစ်ခုတည်းက ဖြာထွက်လာသော အကိုင်းကြီးနှစ်ခု ဖြစ်သည်ဟု ဆို၏။ ဤသို့ အဆိုပြုသည်မှာ သစ်ပင်နှင့် သတ္တဝါအားလုံးတို့ကို ' ဆဲ ' ( cell ) များဖြင့် တည်ဆောက်ထားသောကြောင့် ဖြစ်သည်ဟု ဆိုသည်။

ဤတွင် ဆဲဆိုသည်မှာ သက်ရှိရုပ်တို့၏ အငယ်ဆုံး မူလအစိတ်အပိုင်းကလေး ဖြစ်သည်။ သစ်ပင်နှင့် သတ္တဝါတို့တွင် ဆဲပေါင်းများစွာ စုခဲတည်ဆောက်ထားကြသည်။ သို့ရာတွင် အမီးဗားကဲ့သို့ သတ္တဝါမျိုးမှာမူ ဆဲတစ်ခုတည်းဖြင့် အသက်ရှင်နေကြသည်ဟု ဆို၏။

သစ်ပင်လောကမှ ဆဲတို့သည် အသွင်သဏ္ဌာန်အမျိုးမျိုးကို ဖြစ်ပေါ်စေသည်။ အချို့ဆဲများသည် ပင်စည်ကို ဖြစ်စေ၏။ အချို့သည် အရွက်ကို ဖြစ်စေ၏။ အချို့သည် အပွင့်ကို ဖြစ်စေ၏။ ဤသို့ စသည်ဖြင့် ဆဲတို့သည် မိမိတို့ လုပ်ငန်းတာဝန်အလိုက် ဖြစ်ပေါ်နေကြလေသည်။

သတ္တဝါတို့၌ ရှိသော ဆဲများမှာလည်း မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းအလိုက် ပုံသဏ္ဌာန် အမျိုးမျိုး၊ ဓာတ်သဘာဝ အမျိုးမျိုးကို ဖြစ်ပေါ်စေကြသည်။ အချို့ဆဲများသည် နဗ်ကြော ( Nerve ) များအဖြစ်လည်းကောင်း၊ အချို့ဆဲများသည် အရိုးအဖြစ်လည်းကောင်း၊ အချို့ဆဲများသည် သွေးဖြူဥများအဖြစ်လည်းကောင်း ဖွဲ့စည်းလျက် ရှိကြ၏။ ဤသို့စသည်ဖြင့် ဆဲတို့သည် လုပ်ငန်းအဝဝကို ဆောင်ရွက်နေကြလေသည်။

အချို့သတ္တဝါတို့ကိုမူ အပင်လော၊ သတ္တဝါလောဟုပင် ခွဲခြားရန် ခက်နေတတ်သည်။ ဤသတ္တဝါမျိုးမှာ အလွန်တန်းနိမ့်သော သတ္တဝါမျိုး ဖြစ်သည်။ အထူးသဖြင့် ဆဲတစ်ခုတည်းသာ ရှိနေသော သတ္တဝါကို ခွဲခြားရ ခက်ခဲလှသည်။ ဥပမာ– ယူဂလီနာကို ရုက္ခဗေဒ ပညာရှင်တို့က အပင်ဟု ယူဆထားကြ၏။ သတ္တဗေဒပညာရှင်တို့ကမူ သတ္တဝါဟု သတ်မှတ်ထားကြသည်။ ထို့ကြောင့် ဇီဝဗေဒပညာရှင်တို့သည် အပင်နှင့် သတ္တဝါတို မျိုးရင်းတစ်ခုတည်းက ဖြစ်ပေါ်လာသည်ဟု အဆိုပြုကြခြင်း ဖြစ်ပေသည်။

## ဗုဒ္ဓအလိုကျ သက်ရှိဘဝ

ဗုဒ္ဓ၏ အဘိဓမ္မာတို့၌ သတ္တဝါတို့ ဖြစ်ပေါ်နေမှုကို–

၁။ သံသေဒဇ သတ္တဝါ (အညှိပွား သတ္တဝါ) ၊

၂ ဂဗ္ဘသေယျက သတ္တဝါ (ဝမ်းတည် သတ္တဝါ ၊

၃။ ဩပပါတိက သတ္တဝါ (ကိုယ်ထင်ရှားဖြစ်ပေါ်သော သတ္တဝါ)–

ဟူ၍ သုံးမျိုး ခွဲခြားထားပါသည်။

ထိုသုံးပါးတို့တွင် သံသေဒဇ သတ္တဝါခေါ်သော အညှိအချွဲ အရိအရွဲစသော စိုထိုင်းသည့် အရပ်မှာ ပေါက်ပွားသည့် သတ္တဝါမျိုးကို ခေါ်သည်။ အသေးအဖွား အလေးအမွှား အပင်မျိုးတို့၌ မှီ၍ ပေါက်ပွားသော သတ္တဝါတို့နှင့်လည်း ပတ်သက်နေသည်။

ဇီဝဗေဒက ဖော်ပြသော တန်းနိမ့်သတ္တဝါဆိုသည်မှာ ထိုသတ္တဝါမျိုးကိုပင် ခေါ်သည်ဟု မှတ်ယူရမည်။ ဤသို့ဆိုလျှင် သံသေဒဇသတ္တဝါနှင့် ဇီဝဗေဒပညာမှ တန်းနိမ့်သတ္တဝါတို့သည် သဘောထား တူညီသကဲ့သို့ ရှိနေပေသည်။

သို့ရာတွင် သစ်ပင်ကိုမူ သက်ရှိသတ္တဝါများအဖြစ် ဗုဒ္ဓဘုရားက လက်မခံခဲ့ပေ။ ဗုဒ္ဓဘုရား၏ သက်ရှိဘဝ ဖြစ်ပေါ်မှု အခြေခံကို ရုပ်နာမ်တို့ဖြင့် ပိုင်းခြားသတ်မှတ်ထားရသည်။ ရုပ်နာမ် ဇီဝိတနှစ်ပါး ရှိသူများကိုသာ ဘဝဟု ပညတ်ထား၏။ ထိုဘဝပိုင်ရှင်များ၌သာ အသိစိတ်ဆိုသော

ဝိညာဉ်တရား ရှိကြသည်။ ဘဝဖြစ်ပေါ်မှုကို ဝိညာဉ်ရှိတရားဖြင့် ဆုံးဖြတ်လျှင် လုံလောက်ပေသည်။

– သတ္တဝါတို့၌ ဝိညာဉ်ရှိ၏။

– သစ်ပင်၌ ဝိညာဉ် မရှိချေ။

မြန်မာတို့သည် အသက်ဟူသော ဝေါဟာရကို သတ္တဝါ၌လည်းကောင်း၊ သစ်ပင်တို့၌လည်းကောင်း ရောနှော အသုံးပြုနေကြသည်။ ပုံစံအားဖြင့်–

– သစ်ပင် သေခြင်း၊ သစ်ပင် ရှင်ခြင်း ၊

– သတ္တဝါ သေခြင်း၊ သတ္တဝါ ရှင်ခြင်း –

ဟူ၍ သုံးနှုန်း ပြောဆိုနေကြသည်။ သိုရာတွင် လူသားသတ္တဝါတို့ သေလွန်သော အခါ၌မူ ဝိညာဉ် ချုပ်သည်ဟု ဆိုကြ၏။ သစ်ပင်ကိုမူ ဝိညာဉ်ချုပ်သည်ဟု မသုံးနှုန်းကြကုန်။ ဤသို့ သုံးနှုန်းခြင်း မရှိသည်မှာ သစ်ပင်၌ ဝိညာဉ်ခေါ်သော အသိစိတ် မရှိခြင်းကြောင့်ပင်တည်း။

ထို့ကြောင့် သတ္တဝါနှင့် သစ်ပင်ကို ခွဲခြားရာ၌ အသိစိတ်ရှိမှု– မရှိမှုတို့ဖြင့် ခွဲခြားရပါမည်။

– အသိစိတ်ဝိညာဉ် ရှိလျှင် သတ္တဝါဟုလည်းကောင်း ၊

– အသိစိတ်ဝိညာဉ် မရှိလျှင် သစ်ပင်ဟုလည်းကောင်း–

သတ်မှတ်ရပေလိမ့်မည်။

( မှတ်ချက်။ ။ ဤနေရာတွင် ဗုဒ္ဓအဘိဓမ္မာထဲ၌ ပါဝင်သော အသညသတ်ပုဂ္ဂိုလ်နှင့် ယှဉ်စပ်၍ စောဒက မပြုအပ်ပေ။ အသညသတ်ပုဂ္ဂိုလ် ဆိုသည်မှာ ဘုရားရှင်လက်ထက်က မှတ်သိစိတ် သညာတရားကို မျက်ကွယ်ပြု၍ ကျင့်ကြံနေသော ပုဂ္ဂိုလ်တစ်မျိုး ဖြစ်သည်။ ထိုသူတို့ကို ဗုဒ္ဓအဘိဓမ္မာထဲ၌ 'သညာမဲ့ သတ္တဝါ '(အသညသတ်) ဟု ခေါ်ဆိုထားခြင်း ဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် နာမ်ခန္ဓာ အသိစိတ်၊ စေတသိက်များကို ပယ်ခွာထားသောကြောင့် 'ဧကဝေါကာရဘဝ ' ဟုလည်း ခေါ်ဆိုထားသည်။)

အထက်၌ သက်ရှိဘဝ သက်မဲ့ဘဝဟူသော အယူအဆများကို ဖော်ပြနေရသည်မှာ ဗုဒ္ဓဘုရားရှင် လက်ထက်၌ အိန္ဒိယနိုင်ငံတွင် ရှိသော အခြားဘာသာတို့က သစ်ပင်ကို ဘဝတစ်ခု အဖြစ် သတ်မှတ်နေကြသောကြောင့် ဖြစ်ပေသည်။

## ဘဝဖြစ်ပေါ်မှုများ

ဗုဒ္ဓဘုရား လက်ထက်တွင် အင်အားကြီး ဘာသာတစ်ခုဖြစ်သော ဗြာဟ္မဏဘာသာ၏ ခံယူချက်၌ သစ်ပင်ဟူသော ရုပ်ပစ္စည်းတစ်မျိုးကို ဘဝအဖြစ် သတ်မှတ်ထားခဲ့ကြသည်။ ဤခံယူချက်သည် ဗုဒ္ဓဘုရား၏ ခံယူချက်နှင့် လုံးဝ ခြားနားနေသော ခံယူချက်ဖြစ်သည်။ ဗြာဟ္မဏတို့၏ ကျမ်းစာများကို လေ့လာရာ၌ ဘဝအမျိုးမျိုး ဖြစ်ပေါ်မှုကို နည်းဟန်အမျိုးမျိုးဖြင့် ဖော်ပြထားကြ၏။

ထိုတွင် ကံသုံးပါးနှင့် ဒုစရိုက်တရားတို့ကိုမူ ဗုဒ္ဓဝါဒဆန်စွာ တွေ့သိမှတ်သားကြရသည်။ ၎င်းတို့၏ အယူဝါဒတွင်–

*" အကြင်ယောကျာ်း (လူ) သည် ကိုယ်ဖြင့် ခိုးယူခြင်း၊ သူတစ်ပါး၏ မယားကို ပြစ်မှားခြင်း၊ သူတော်ကောင်းတို့အား သတ်ဖြတ်ညှဉ်းဆဲခြင်းစသော မကောင်းမှုကို ပြု၏။ ထိုသူအား သစ်ပင်စသော သက်မဲ့ဘဝကို ရရှိခံစားရ၏။ နှုတ်ဖြင့် ပြုအပ်သော မကောင်းမှုကြောင့် ငှက် သားသမင်စသည် ဖြစ်၏။ စိတ်ဖြင့်ပြုအပ်သော မကောင်းမှုကြောင့် ဒွန်းစဏ္ဍားစသော ဘဝကို ရရှိခံစားရ၏။ "* –

ဟု မနုသမုတိကျမ်း၌ ပြဆိုထားလေသည်။

ဗြာဟ္မဏဝါဒ အခြေခံမူတွင် ဘဝဖြစ်ပေါ်မှု အကျိုးတရားများကို ဂုဏ်ဖြင့် ဖော်ပြထား၏။

ဤသတ်မှတ်ချက်တွင်–

၁။ တမောဂုဏ် ၊

၂။ ရဇောဂုဏ် ၊

၃။ သတောဂုဏ်–

ဟူ၍ ဂုဏ်သုံးပါးကို တွေ့သိမှတ်သားရပါသည်။ ထိုဂုဏ်သုံးပါးတို့သည် တစ်ခုထက်တစ်ခု မြင့်မြတ်ကြ၏။ တမောဂုဏ်ထက် ရဇောဂုဏ်က မြတ်၏။ ရဇောဂုဏ်ထက် သတောဂုဏ်က မြတ်လေသည်။

၁။ တမောဂုဏ် လက္ခဏာ။ ။လောဘရမ္မက် လွန်ကဲလာခြင်း၊ အအိပ်လွန်ကဲလွန်း၍ စိတ်ချောက်ချားခြင်း၊ ရန့်ရင်း ကြမ်းတမ်းခြင်း၊ ဝေဒနှင့် ဘုရား၌ ယုံကြည်မှု ကင်းမဲ့ခြင်း၊ စိတ်တည်ငြိမ်မှု မရှိဘဲ အကျင့်ဆိုး၌ သက်ဝင်လာခြင်းစသည်တို့သည် တမောဂုဏ်၏ လက္ခဏာများ ဖြစ်သည်။

တမောဂုဏ်၏ အကျိုး။ ။ အယုတ်စား တမောဂုဏ် ရှိသူသည် သက်မဲ့သစ်ပင်၊ ပိုးမွှား၊ ငါး၊ မြွေ၊ လိပ်၊ သားတိရစ္ဆာန်နှင့် သမင်ဘဝကို ရရှိကြသည်။

အလတ်စား တမောဂုဏ် ရှိသူသည် ဆင်၊ မြင်း၊ ဇာတ်ညံ့သူ၊ တောင်သူ မိလက္ခု၊ ယုတ်ညံ့သော အမှုကို လုပ်ရသူ၊ ခြင်္သေ့၊ ကျား၊ ဝက်ဘဝတို့ကို ရရှိကြသည်။

အမြတ်စား တမောဂုဏ် ရှိသူသည် ကဗျာသီကုံးလျက် သူတစ်ပါးတို့အား ချီးမွမ်းသီဆိုတတ်သူ၊ လုပသောငှက်၊ မိမိကိုယ်ကို ချီးမွမ်းတတ်သူ၊ သူတစ်ပါးတို့အား ညှဉ်းဆဲတတ်သောဘီလူး၊ မြေဘုတ်၊ သေရည်ကြူးသူ၊ ညစ်ပတ်သူတို့ ဖြစ်ကြရ၏။

၂။ ရဇောဂုဏ် လက္ခဏာ။ ။နှစ်သက်ခြင်း၊ မငြိမ်သက်ခြင်း၊ မကောင်းမှုတို့ကို ပြုခြင်း၊ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို အမြဲတမ်း မက်မောလိုက်စားနေခြင်းစသည်တို့သည် ရဇောဂုဏ်၏ လက္ခဏာများ ဖြစ်သည်။

ရဇောဂုဏ်၏ အကျိုး။ ။အယုတ်စား ရဇောဂုဏ် ရှိသူသည် သူသတ်သမား၊ လှေထိုးသား၊ အားကစားသူ၊ လက်နက်ကိုင် သူရဲများ၊ သေသောက်ကြူးသူတို့ ဖြစ်ကြရသည်။

အလတ်စား ရဇောဂုဏ် ရှိသူသည် အုပ်ချုပ်သူ မင်း၊ မင်း၏ ပုရောဟိတ်၊ စကားပြောကောင်းသူ၊ သံတမန်အမတ်၊ ရှေ့နေ၊ စစ်သူကြီးဘဝတို့ကို ရကြရသည်။

အမြတ်စား ရဇောဂုဏ် ရှိသူသည်။ အနုသဘင်သည်၊ တီးမှုတ်တတ်သူ၊ ဥစ္စာကြွယ်ဝသူ၊ ပညာရှိတို့အား ဆည်းကပ်တတ်သူ၊ ရုပ်ရည်အဆင်း လှပသော မိန်းမဘဝတို့ကို ရကြသည်။

၃။ သတောဂုဏ် လက္ခဏာ။ ။ ဝေဒကျမ်းစာတို့ကို လေ့လာခြင်း၊ တရားကျင့်ခြင်း၊ အသိဉာဏ်တိုးပွားခြင်း၊ ဖြူစင်မြင့်မြတ်လိုခြင်း၊ ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊ တရားအလုပ်နှင့် အတ္တကို ကြံစည်ခြင်း၊ (ဘာဝနာပွားခြင်း)တို့သည် သတောဂုဏ်၏ လက္ခဏာများ ဖြစ်သည်။

သတောဂုဏ်အကျိုး။ ။အယုတ်စား သတောဂုဏ်ရှိသူသည် ရသေ့ရဟန်း၊ ဝေဒကျမ်းကို တတ်ကျွမ်းသူ၊ ဗေဒင်ဆရာ၊ ခွန်အားကြီးသူတို့ ဖြစ်ကြရသည်။

အလတ်စား သတောဂုဏ် ရှိသူသည် ယဇ်ပူဇော်သူ၊ ဝေဒ၏ အနက်အဓိပ္ပာယ်ကို သိသူ၊ ပညာရှိ၊ ဝေဒလောကဓာတ်စသော ပညာ၊ အခါကာလကို သိမြင်တတ်သူ၊ စောင့်ရှောက်တတ်သူ၊ ဉာဏ်ကောင်းသူ၊ ပူဇော်ထိုက်သော ဆရာဘဝတို့ကို ရရှိကြရသည်။

အမြတ်စား သတောဂုဏ် ရှိသူသည် ဗြဟ္မာဘဝ၊ ဝေဒကို တတ်ကျွမ်းသူ၊ ကမ္ဘာဖန်ဆင်းခြင်း ပညာကို တတ်သိ၍ အထူးထူးသော ယာဉ်စသည်ကို ပြုလုပ်တတ်သူ၊ လောကဓာတ်ပညာအားလုံးကို တတ်မြောက်သူ၊ ထာဝရဘုရားဘဝတို့ကို ရရှိကြရသည်။

အထက်က ဖော်ပြခဲ့သော ဘဝဖြစ်ပေါ်မှုများသည် ဗြာဟ္မဏဘာသာဝင်တို့ လက်ခံယုံကြည်ထားကြသော ဘဝဖြစ်ပေါ်မှု မြင်ကွင်းများပင် ဖြစ်ပေသည်။

## ဗုဒ္ဓဘာသာ ဘဝဖြစ်ပေါ်မှု

ဗုဒ္ဓစာပေ အဖွင့်ကျမ်းစာဖြစ်သော ဥဒါန်းအဋ္ဌကထာနှင့် ဣတိဝုတ်အဋ္ဌကထာတို့၌ ဘဝဖြစ်ပေါ်မှုကို ဂတိဟူသော စကားဖြင့်လည်း အသုံးပြု ဖော်ပြထား၏။ ဂတိအမျိုးအစား ငါးပါးရှိသည်။ ယင်းတို့မှာ–

၁။ ဒေဝ ဂတိ (နတ်ပြည်၊ ဗြဟ္မာ့ပြည်) ၊

၂။ မနုဿ ဂတိ (လူ့ပြည်) ၊

၃။ ပေတ ဂတိ (ပြိတ္တာပြည်၊ အသုရကာယ်ပြည်) ၊

၄။ တိရစ္ဆာန ဂတိ (တိရစ္ဆာန်ပြည်) ၊

၅။ နိရယ ဂတိ (ငရဲပြည်) –

ဟူ၍ ဖြစ်ပေသည်။

ဂတိဟူသည် လားရော၊ ရောက်ရာဟူ၍ ဖြစ်သည်။ ထိုဂတိတို့၏ လားရာရောက်ရာဌာနတို့ကို ' ဘုံ ' (ဘူမိ) ဟု ခေါ်ဆိုထားသည်။ ဘုံဟူသည် ဘဝတို့၏ ဖြစ်ရာနေရာကိုပင် ခေါ်ဆိုပေသည်။ ဘုံပေါင်း ၃၁– ဘုံကို ဖော်ပြထား၏။ ထို ၃၁– ဘုံဌာန၌ ဖြစ်ပေါ်နေသော ဘဝအမျိုး အစားမှာလည်း ၃၁–မျိုးမျှပင် ရှိနေပေသည်။ ထိုနေရာ၌ ဘုံတို့ကို အုပ်စုကြီး သုံးခုပြု၍ ဖော်ပြထားလေသည်။

၁။ ကာမ ၁၁–ဘုံ ( ကာမဘဝသား ၁၁–မျိုးတို့ ဖြစ်ပေါ်နေရာ ဘုံဖြစ်သည်။ )

၂။ ရူပ ၁၆–ဘုံ (သညာမဲ့ပုဂ္ဂိုလ် ( အသညသတ်) နှင့် ရုပ်ပိုင်းအာရုံ နိမိတ်ပုံတို့ကို ရှုမှတ်၍ ရသော ဘဝ ၁၅–မျိုးတို့ ဖြစ်ပေါ်နေရာ ဘုံဖြစ်သည်။ )

၃။ အရူပ ၄–ဘုံ (ရုပ်လွန်ကမ္မဋ္ဌာန်းကို ပွားများရာမှ ရရှိလာသော ဘဝ ၄–မျိုးတို့ ဖြစ်ပေါ်နေရာ ဘုံဖြစ်သည်။ )

## ဘဝကို ဖြစ်စေသော ကံများ

ဗုဒ္ဓ၏ ဘဝဒဿန အမြင်အရ ဘဝသစ်ကို ဖြစ်စေရာ၌ ကမ္မဟူသော ကံတရားကို ပြုလုပ်ကြရသည်။ ပြုလုပ်နေကြသည်။ ထိုကမ္မသဘာဝအရ ကောင်းသောဘဝ၊ မကောင်းသော ဘဝများ ဖြစ်ပေါ်လာကြရ၏။

ကာမဘဝဟူသော အုပ်စုကြီးတွင် ကောင်းသောဘဝနှင့် မကောင်းသောဘဝဟူ၍ အုပ်စု နှစ်ခု ကွဲပြားလာသည်။

– ကောင်းသောကံသည် ကောင်းသောဘဝကို ဖြစ်စေ၏။

– မကောင်းသော ကံသည် မကောင်းသော ဘဝကို ဖြစ်စေ၏။

ဤတွင် ကောင်းသောကံ အစုတွင်–

၁။ အလုပ်ကံ ၊

၂။ အပြောကံ ၊

၃။ အတွေးကံ–

ဟူ၍ သုံးမျိုး ကွဲပြားလာသည်။

၁။ အလုပ်ကံ။ ။သူ့အသက် မသတ်ခြင်း၊ သူတစ်ပါး ဥစ္စာကို မတရား မယူခြင်း၊ ကာမဂုဏ်ကိစ္စ၌ မဖောက်ပြန်ခြင်းတို့ ဖြစ်သည်။

၂။ အပြောကံ။ ။လိမ်မပြောခြင်း၊ ချစ်ခင်သူတို့ အချင်းချင်း မုန်းစေမည့်စကား မပြောခြင်း၊ ကြမ်းတမ်းစွာ မပြောခြင်း၊ အကျိုးမဲ့စကား မပြောခြင်းတို့ ဖြစ်သည်။

၃။ အတွေးကံ။ ။သူတစ်ပါး စီးပွားကို မတရားယူရန် မကြံခြင်း၊ သူတစ်ပါး အကျိုးကို ဖျက်ဆီးရန် မကြံခြင်း၊ အယူအမြင် မှန်ကန်ခြင်းတို့ ဖြစ်သည်။

အထက်ပါ ကံသုံးမျိုးကို ပေါင်းစည်းလိုက်လျှင် ၁၀–ပါးမျှ ရရှိလာသည်။ ထိုကံတို့ကို လိုက်နာသူအား ကောင်းသော အကျင့်စရိုက် (သုစရိုက်) ရှိသူဟု သတ်မှတ်သည်။ ကောင်းသော ကံကို ပြုလုပ်သူဟုလည်း ဆုံးဖြတ်သည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်တို့သည်–

၁။ အဆင့်မြင့် လူသားဘဝ၊

၂။ ဒေဝအဖွဲ့ဝင် ခြောက်မျိုးဘဝ–

ဟူသော ဘဝခုနစ်မျိုးကို ရရှိကြရသည်။ ထိုပုဂ္ဂိုလ်တို့၏ နေရာ ဌာနကို 'ကောင်းသော ကာမဘဝသားတို့ ဖြစ်ရာဌာန' (ကာမသုဂတိ ခုနစ်ဘုံ) ဟု ခေါ်ဆိုကြသည်။

မကောင်းသော ကံသည် မကောင်းသော ဘဝကို ဖြစ်စေ၏ ဆိုရာ၌ ဗုဒ္ဓဘုရားက မည်သည့်ဘဝမျိုးကို 'မကောင်းသောဘဝ' (ဒုဂ္ဂတိဘဝ) ဟု ရှုမြင်ခဲ့သနည်း။ မကောင်းသော ဘဝ အမျိုးအစားများတွင်–

၁။ ချမ်းသာမဲ့နေသော ငရဲသားများ ၊

၂။ တိရစ္ဆာန်အစုဝင်များ ၊

၃။ ပြိတ္တာခေါ် ငတ်မွတ်နေသူများ ၊

၄။ အသုရကာယ်ခေါ် အဆင့်နိမ့် ပုဂ္ဂိုလ်များ–

ပါဝင်ပေသည်။ ဤလေးမျိုးကို 'အပါယ်ဘဝသားတို့ ဌာန' (အပါယ်ဘုံ) ဟု ခေါ်ဆိုကြသည်။

အပါယ်ဘုံသို့ ရောက်ရှိသော ပုဂ္ဂိုလ်တို့သည် ကောင်းသောကံ အစု ၁၀–မျိုးကို ကျူးလွန်ဖောက်ဖျက်ကြသူများ ဖြစ်သည်။ ထိုအစုဝင်တို့၏ နေရာဌာနကို တရားမလိုက်သော အမှားအမိုက်တို့၏ ဘုံဟူ၍ ခေါ်ဆိုရလေသည်။

## ဗြဟ္မာ့ဘုံ နှစ်ဆယ်

ဗြဟ္မာ့ဘုံ နှစ်ဆယ်ဆိုသည်မှာ သမထကမ္မဋ္ဌာန်းတရားကို ပွားများသူတို့က ဖော်ထုတ်ဖန်တီးထားသော ဘုံဘဝများ ဖြစ်သည်။ ထိုဗြဟ္မာ့ဘုံ ဌာနသို့ ရောက်ရှိသူများမှာ ရူပပုဂ္ဂိုလ်၊ အရူပပုဂ္ဂိုလ်ခေါ်သော ဘဝများသာ ဖြစ်ပေသည်။

ထိုရူပဘဝ၊ အရူပဘဝကို ရရှိရန်အတွက် 'စိတ်ပိုင်းလေ့ကျင့်မှု '(သမာဓိလုပ်ငန်း)ကို ကျင်သုံးကြရသည်။ ဗုဒ္ဓအဘိဓမ္မာ၌ ထိုဘဝမျိုးများကို ရရှိရန်အတွက် သမထကမ္မဋ္ဌာန်း ၃၀–မျှကို ကျင့်သုံးရသည်ဟု သိရှိရသည်။

ရူပ၊ အရူပဘဝကျင့်ထုံးသည် ကာမဘဝ ၁၁–မျိုးတို့ကဲ့သို့ ကံသုံးမျိုးကို မပြုလုပ်ရပေ။ ကမ္မဋ္ဌာန်းအာရုံတစ်ခု အပေါ်၌ စူးစိုက်ကြည့်ရသော စိတ်ပိုင်းလေ့ကျင့်မှု တစ်ခုတည်းကိုသာ ပြုလုပ်ရသည်။ ထို့ကြောင့် ရူပ၊ အရူပဘဝပိုင်ရှင် ဖြစ်စေရန် အတွေးကံ (မနောကံ) တစ်မျိုးတည်းကိုသာ ကျင့်သုံးကြရလေသည်။

ဤသို့ သမထကမ္မဋ္ဌာန်းအာရုံ နိမိတ်ပုံပေါ်၌ စိတ်ကို တည်ထားလျက် အကြိမ်များစွာ စူးစိုက်လေ့ကျင့်ရာမှ စိတ်တည်ငြိမ်မှု အဆင့်ဆင့်ကို ရရှိကြသည်။ တည်ငြိမ်မှုစွမ်းအား အဆင့်ဆင့်ကိုပင် ပဌမဈာန်၊ ဒုတိယဈာန်စသည်ဖြင့် အဆင့်ခွဲကာ သတ်မှတ်ထားကြ၏။ ထိုပုဂ္ဂိုလ် အဆင့်ဆင့်ကို ဈာန်ရပုဂ္ဂိုလ်များဟု ဗုဒ္ဓဝါဒ၌ အသိအမှတ်ပြုထားလေသည်။

ထိုဈာန်အဆင့်ဆင့် ရရှိသော ပုဂ္ဂိုလ်တို့သည် မိမိတို့ ရရှိသော ဈာန်အဆင့်ကို အခြေခံ၍

ဘဝသစ်ဖြစ်ပေါ်ရာ ဌာနကိုလည်း သီးခြားစီပြ၍ အဆင့်ခွဲထားသည်။

– ပထမဈာန် ၃–ဘုံ၊ ( ပထမဈာန် ရသူတို့ ဌာန )

– ဒုတိယဈာန် ၃–ဘုံ၊ ( ဒုတိယဈာန် ရသူတို့ ဌာန )

– တတိယဈာန် ၃–ဘုံ၊ ( တတိယဈာန် ရသူတို့ ဌာန )

– စတုတ္ထဈာန် ၇–ဘုံ၊ ( စတုတ္ထဈာန် ရသူတို့ ဌာန)

– အရူပ ၄–ဘုံ၊ ( ရုပ်ခံစားစွဲကို ပယ်သူတို့ ဌာန )–

ဟူ၍ ဘဝဖြစ်ရာ ဌာနပေါင်း ၂၀–ကို သတ်မှတ်ထားကြလေသည်။

အထက်က ဖော်ပြခဲ့သော ဘဝပေါင်းချုပ် ဘုံသရုပ်ကို ရေတွက်လျှင် ၃၁–မျိုးမျှ ရှိနေသည်ကို တွေ့ကြရသည်။ ဤဘဝ ဤဌာနများသည် ဗုဒ္ဓ၏ ဓမ္မဒေသနာထဲက တွေ့ရှိရသော ဘဝဖြစ်ပေါ်နေမှုများ ဖြစ်သည်။

ဤဘဝ အသီးသီးတို့သည် ဗုဒ္ဓဒေသနာ၌ ပါဝင်နေသော်လည်း ဗုဒ္ဓဘုရားရှင် ဖန်တီးဖော်ဆောင်ထားသော ဘဝများ မဟုတ်ပေ။ ဗုဒ္ဓပွင့်ပေါ်နေစဉ် ဗုဒ္ဓဘုရားနှင့် ထိတွေ့ခဲ့ရသော အိန္ဒိယလူ့ပတ်ဝန်းကျင်မှ ဘဝအမျိုးအစားများ ဖြစ်သည်ဟု နားလည်ကြရပေလိမ့်မည်။

ဗုဒ္ဓဘုရားနှင့် မထိတွေ့ခဲ့သော ဘဝပုံဖော်မှု အမျိုးမျိုး၊ ဘုံဌာန အသွယ်သွယ်တို့သည် အိန္ဒိယတစ်ခွင်ဝယ် ကျန်ရှိနေပေသေးသည်။ ယခုဖော်ပြခဲ့သည်မှာ ဗုဒ္ဓပွင့်ပေါ်စဉ် ကာလအတွင်းက အိန္ဒိယနယ်မြေ၌ ထင်ရှားစွာ ရှိနေသော ဘဝဖြစ်ပေါ်မှု မြင်ကွင်းကို ရွေးနုတ်တင်ပြရခြင်းသာ ဖြစ်ပေသည်။

## အိန္ဒိယယဉ်ကျေးမှု ဝါဒများ

မဇ္ဈိမဒေသခေါ် အိန္ဒိယတိုက်ငယ်၏ မြောက်ပိုင်းဒေသသည် ရှေးဟောင်းယဉ်ကျေးမှုများ ထွန်းကားရာ နယ်မြေဖြစ်သည်။ ဘီစီ ၂၀၀၀– ဝန်းကျင်က အိန္ဒုမြစ်ဝှမ်း ယဉ်ကျေးမှုများ၊ ဘီစီ ၁၅၀၀–ဝန်းကျင်မှ စ၍ ပြုစု ပျိုးထောင်ခဲ့ကြသော ဝေဒယဉ်ကျေးမှုများ၊ ထိုမှ နောက်ပိုင်းကာလတွင် ပြုစုဖော်ဆောင်ခဲ့ကြသော ယဉ်ကျေးမှု အသစ်များဖြင့် လွန်စွာပေါများလှသော နိုင်ငံဖြစ်ပေသည်။

အိန္ဒိယနိုင်ငံ၌ ယုံကြည်မှုဆိုင်ရာ သဘောတရားများ၊ ကိုးကွယ်မှုဆိုင်ရာ ပုဂ္ဂိုလ်သစ်များ၊ ကျင့်သုံးမှုဆိုင်ရာ ကျင့်စဉ် ကျင့်ထုံးများကို ဖော်ထုတ်ပေးခဲ့သူများမှာ–

– ဣသိခေါ် ရသေ့များ ၊

– ဗြာဟ္မဏခေါ် ပုဏ္ဏားများ ၊

– သမဏခေါ် သာသနာပ ရဟန်းများ ၊

– ပရိဗ္ဗာဇကခေါ် ပရိဗိုဇ်များ ၊

– တိတ္ထိများ စသည်ဖြင့် များပြားလှသည်။

ထိုပုဂ္ဂိုလ်တို့သည် မိမိတို့ ယုံကြည်ခံယူချက် သဘောတရားတို့ကို နယ်မြေအနှံ့သို့ ခြေဆန့်ကာ ဖြန့်ဝေနေကြသူများ ဖြစ်သည်။

ထိုပုဂ္ဂိုလ်တို့၏ ဖြန့်ဝေမှုဖြင့် အိန္ဒိယတစ်ခွင်တွင် ဝါဒများစွာ၊ အယူများစွာ ပေါ်ပေါက်လျက် ရှိသည်။ ဝေသာလီသူ လျပို့ဖြူ လေးယောက်နှင့် သစ္စကတို့ မောင်နှမ ငါးဦးမှာ အမိဘက်မှ ဝါဒ ၅၀၀၊ အဖဘက်မှ ဝါဒ ၅၀၀– အားဖြင့် ဝါဒပေါင်း ၁၀၀၀–တို့ကို သင်ကြားတတ်မြောက်နေကြသူများ ဖြစ်သည်။ ဤအဆိုအရ အိန္ဒိယနိုင်ငံ၌ ဝါဒပေါင်း မည်မျှ များပြားနေသည်ကို ပြသနေခြင်း ဖြစ်ပေသည်။

ဗုဒ္ဓစာပေထဲ၌ ပါသော ပါသဏ္ဍအယူ ၉၆–ပါးဆိုသည်မှာလည်း ဝါဒရှင်တို့က တီထွင်

ဖြန့်ဖြူးထားသော အယူအကျင့်များ ဖြစ်ပေသည်။

ဗုဒ္ဓပွင့်ပေါ်ခါနီး ကာလတွင် အိန္ဒိယနယ်မြေ၌ လူသိများ၍ ထင်ရှားသော ဝါဒများမှာ–

၁။ အကိရိယဝါဒ ၊
၂။ အဟေတုကဝါဒ ၊
၃။ နတ္ထိကဝါဒ ၊
၄။ သတ္တကာယဝါဒ ၊
၅။ အမရာဝိက္ခေပဝါဒ ၊
၆။ နိဂဏ္ဌဝါဒ ၊
၇။ ဆဒ္ဒါရဝုမ္မိဝါဒ ၊
၈။ အာဟာရသုဒ္ဓိဝါဒ ၊
၉။ တပသုဒ္ဓိဝါဒ ၊
၁၀။ အတ္တဝါဒ ၊
၁၁။ ဇေဠဝတဝါဒ ၊
၁၂။ ဥပပတ္တိသုဒ္ဓိဝါဒ ၊
၁၃။ ဝတသုဒ္ဓိဝါဒ ၊
၁၄။ ဈာနသုဒ္ဓိဝါဒ ၊
၁၅။ ကျင့်ဝတ်ခုနစ်ပါးဝါဒ ၊
၁၆။ ဣဿရနိမ္မာနဝါဒ ၊
၁၇။ ပုဗ္ဗေကတဟေတုဝါဒ ၊
၁၈၊ ကိရိယဝါဒ ၊

စသည်တို့ ဖြစ်ပေသည်။

## ဗုဒ္ဓခေတ် အိန္ဒိယနိုင်ငံ

ထိုခေတ်ကြီးအတွင်း မဟာသက္ကရာဇ် ၁၀၃–ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓဘုရားသခင် ပွင့်ပေါ်လာခဲ့ပေသည်။ ဗုဒ္ဓဘုရား ပွင့်ထွန်းချိန်တွင် မဇ္ဈိမဒေသ အိန္ဒိယမြောက်ပိုင်း တစ်ခွင်၌ အယူဝါဒမျိုးစုံ၊ အကျင့်သီလ အဖုံဖုံတို့သည် လေဟုန်စီးသော ငှက်ကဲ့သို့ လွင့်တက်ဝဲပျံနေခဲ့ကြလေသည်။

ပြည်သူပြည်သား အမြောက်အမြားတို့သည် မိမိတို့ ယုံကြည်ချက်အလိုက် ဆောင်ရွက်ဖွယ်ရာများကို ကျင့်ဆောင်နေကြရ၏။ ရှောင်ကြဉ်ဖွယ်ရာများကို ရှောင်ကြဉ်နေကြရ၏။

– နိုင်ငံဓလေ့ရိုးရာ ဆောင်စရာ ရှောင်စရာများ ၊
– လူမျိုးဓလေ့ရိုးရာ ဆောင်စရာ ရှောင်စရာများ ၊
– ဒေသဓလေ့ရိုးရာ ဆောင်စရာ ရှောင်စရာများ ၊
– ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဆောင်စရာ ရှောင်စရာများ ၊
– နိုင်ငံတော် ဥပဒေဆိုင်ရာ ဆောင်စရာ ရှောင်စရာများ ၊
– အသိပညာဆိုင်ရာ ဆောင်စရာ ရှောင်စရာများ ၊
– အတတ်ပညာဆိုင်ရာ ဆောင်စရာ ရှောင်စရာများ ၊
– လုပ်ငန်းတာဝန်ဆိုင်ရာ ဆောင်စရာ ရှောင်စရာများ–

အစရှိသော ဆောင်စရာ အစားစား၊ ရှောင်စရာ အများအပြားတို့သည် လူ့ဘဝတစ်ခုလုံးကို လွှမ်းမိုးထိန်းချုပ်လျက် မလှုပ်သာအောင် တုပ်နှောင်ထားခဲ့ကြလေပြီ။

ဗုဒ္ဓလောင်းလျာသည် ဘုရားဖြစ်ပြီးနောက် ပထမသတ္တာဟ အတွင်းအမှာပင် မိမိ ပတ်ဝန်းကျင်၌ ရှိသော အိန္ဒိယသားတို့၏ လူမှုဘဝဓလေ့ကို သုံးသပ်ဆင်ခြင် ကြည့်ခဲ့သည်။ ခုနစ်ရက်ပတ်လုံး အနုလုံ ပဋိလုံ အပြန်ပြန် အလှန်လှန် သုံးသပ်ဝေဖန်ခဲ့သည်။ ထိုအခါ မိမိပတ်ဝန်းကျင်၌–

၁။ ကာမဘဝ ချမ်းသာကို ရှာမှီးနေသူများ ၊

၂။ ရူပဘဝ ချမ်းသာကို ရှာမှီးနေသူများ ၊

၃။ အရူပဘဝ ချမ်းသာကို ရှာမှီးနေသူများ–

ဟူ၍ ဘဝအုပ်စု သုံးခုကို ကြည့်ရှု ဆင်ခြင်မိသည်။ ထိုပုဂ္ဂိုလ် အုပ်စုကြီး သုံးခုသည် ဘဝအာသာ (ဘဝတဏှာ) အတွက် ဆောင်ရွက်ကျင့်ကြံနေကြသည်။ ဤအလိုတဏှာဖြစ်သော အစွဲစိတ်ဓာတ်မှာ မိမိဘဝကို ပြန်လည်တုပ်နှောင်ထားသော တရားဟူ၍ ဗုဒ္ဓဘုရားက သစ္စာအသိဖြင့် မြင်တော်မူသည်။ ထိုအစွဲစိတ်ဓာတ် ကိန်းတည်နေသမျှ ကာလပတ်လုံး စိတ်၏ လွတ်မြောက်မှုကို မရနိုင်။ ဘဝဒုက္ခ၊ စိတ်ဒုက္ခမှ မလွတ်နိုင်ပေ။

– လူတို့သည် စွဲလမ်းစိတ်ကို ကျယ်ပွားစေ၏။

– ဗုဒ္ဓဘုရားသည် စွဲလမ်းစိတ်ကို ပယ်ရှားစေ၏။

ဗုဒ္ဓအဖြစ်သို့ ရောက်ရှိလာရသည်မှာ စွဲလမ်းစိတ်ကို ပယ်ခွာနိုင်သောကြောင့် ဖြစ်သည်။ စွဲလမ်းစိတ်သည် ဒုက္ခကို ဖြစ်စေသည်ဟူသော ဒဿနအသစ်မှာ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘုရားရှင်သည် ရှေးဦးစွာ တွေ့မြင်ဖော်ထုတ်ခဲ့သော တရားဖြစ်၏။ ဗုဒ္ဓဘုရားသခင်သည် ဤအစွဲဒုက္ခ ပယ်ရှားရေး တရားကိုပင် ၄၅–ဝါ ပတ်လုံး ဟောကြားသည်။ ထိုတရားသည် ဗုဒ္ဓကိုယ်တော်တိုင် သိသော တရားဖြစ်သကဲ့သို့ ကိုယ်တိုင်ဟော ဒေသနာတော် ( သာမုက္ကံသိကဒေသနာ )လည်း ဖြစ်ပေသည်။

## သာမုက္ကံသိက ဒေသနာဆိုသည်မှာ

ဤတွင် သာမုက္ကံကဒေသနာ၏ အဓိပ္ပာယ်ကို နားလည်တတ်ရန် လိုအပ်ပါသည်။ သာမုက္ကံသိကဒေသနာဆိုသည်မှာ တရားတော်ကို ကိုယ်တိုင်သိ၍ ကိုယ်တိုင်ဖော်ထုတ်သော ဒေသနာကို ခေါ်ပေသည်။ ဤ၌ ကိုယ်တိုင် ဖော်ထုတ်ခြင်း ဆိုသည်မှာလည်း–

၁။ မသိသေးသော အရာကို ဖော်ထုတ်ခြင်း ၊

၂။ မရှိသေးသော အရာကို ဖော်ထုတ်ခြင်း ၊

၃။ မမှန်သေးသော အရာကို ဖော်ထုတ်ခြင်း–

ဟူ၍ သုံးမျိုး ခွဲခြားသင့်ပြန်လေသည်။

လီဗာရီးယား ( Leverrier ) ဆိုသူ ပြင်သစ်ပညာရှင် တစ်ဦးသည် နက်ပကျွန်း ( Neptune ) ဂြိုဟ်ကို စတင်တွေ့ရှိခဲ့သူ ဖြစ်သည်။ နက်ပကျွန်းဂြိုဟ်သည် နဂိုကပင် ရှိနေခဲ့သော ဂြိုဟ် ဖြစ်သည်။ လီဗာရီးယားသည် ရှိပြီးသားအရာကို ရှာဖွေဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။

ဟော်လန်နိုင်ငံသား အန်တိုနီ လီယူဝင်ဟုတ် ( Atony Leeuwenhork ) သည် ရောဂါ ပိုးမွှားများကို စတင်တွေ့ရှိခဲ့သူ ဖြစ်သည်။ ရောဂါပိုးမွှားများသည် ယခင်ကပင် ရှိနေခဲ့သော ပိုးများဖြစ်သည်။ လီယူဝင်ဟုတ်သည် ရှိပြီးသား အရာကို ရှာဖွေဖော်ထုက်ခဲ့ခြင်း ဖြစ်သည်။

ဤသို့ လူတွေမသိသေးသော ရှိပြီးသား အရာကို ဖော်ထုတ်ခြင်းသည် “ မသိသေးသော အရာကို ဖော်ထုတ်ခြင်း ” မည်၏။

ကျောက်ကြမ်းခေတ် ( Peleolithic Age ) တွင် ကျောက်တုံးကို လက်နက်ဖြစ်အောင် ‘ ရိုက်ခွဲစနစ် ’ ဖြင့် တီထွင်ခဲ့ကြ၏။

ကျောက်ခေတ်လယ် ( Mesolithic Age ) တွင် ကျောက်တုံးကို လက်နက်ဖြစ်အောင် ' ကြိတ်ဖွဲ့စနစ် ' ဖြင့် တီထွင် ပြုလုပ်ခဲ့ကြ၏။

ကျောက်ချောခေတ် ( Neolithic Age ) တွင် ကျောက်တုံးကို လက်နက်ဖြစ်အောင် ' သွေးချောစနစ် ' ဖြင့် တီထွင်ပြုလုပ်ခဲ့ကြ၏။

ကျောက်ခေတ်လယ်ကာလတွင် ဂျုံမှုန့်ကို အချဉ်ဖောက်ရာမှ သေရည်ကို ပြုလုပ်တတ်လာခဲ့သည်။

ပထမပြည်ထောင်စုခေတ်က အီဂျစ်လူမျိုးတို့သည် ဘီစီ ၄၂၄၁–ခုနှစ်က စ၍ ပြက္ခဒိန်ကို တီထွင်ပြုလုပ်တတ်လာခဲ့သည်။

ထိုမှ နောက်၌ အင်ဂျင်စက်ကို တီထွင်၏။ ကားကို တီထွင်၏။ လေယာဉ်ကို တီထွင်၏။ ကင်မရာကို တီထွင်၏၊ ရေဒီယိုကို တီထွင်၏။ တီဗွီကို တီထွင်၏။ ကွန်ပျူတာကို တီထွင်၏။ ဤသို့စသည့် လူသားတို့အတွက် လိုအပ်သော အသုံးအဆောင်သစ်များကို တီထွင်ခြင်းသည် "မရှိသေးသော အရာကို ဖော်ထုတ်ခြင်း " မည်၏။

ရှေးခေတ်က ဂရိတ်လူမျိုးတို့သည် နေကြတ်ခြင်းကို နတ်ဖမ်းစားသောကြောင့် ဖြစ်သည်ဟု သဘာဝကိုးကွယ်မှုဘာသာ အမြင်ဖြင့် အဖြေရှာပေးထားကြသည်။ နောက်ပိုင်းတွင် နေကြတ်ခြင်းမှာ ကမ္ဘာနှင့် နေအကြား လကမ္ဘာ ခြားသွားသောကြောင့် ဖြစ်သည်ဟု အဖြေမှန်ကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။

ထို့အတူ လငပုပ်ဖမ်းသည်ဆိုသော လကြတ်ခြင်းမှာလည်း လကမ္ဘာနှင့် နေအကြား လူ့ကမ္ဘာခြားသောအခါ လကြတ်ရသည်ဟူသော အဖြေမှန်ကို ဖော်ထုတ်ပေးနိုင်ခဲ့ကြသည်။

ဗုဒ္ဓဘုရားက ရုပ်တရားမှန်သမျှသည် အမြဲမရှိသော အနိစ္စတရားဟူ၍ လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀–ခန့်ကပင် ဟောကြားခဲ့သည်။ သို့သော်လည်း အနောက်တိုင်း သဘာဝတ္တပညာရှင်များနှင့် သိပ္ပံပညာရှင်တို့သည် အက်တမ် ( Atom ) ဟုခေါ်သော အဏုမြူမှုန်ကလေးသည် မပျက်စီးနိုင်သည့် နိစ္စရုပ်မှုန်ကလေး ဖြစ်သည်ဟု ဆိုခဲ့ကြသည်။ ဤအဆိုနှစ်ရပ်မှာ အလွန်နုနယ်သော ကိစ္စဖြစ်၍ ရာစုနှစ်များစွာ အဖြေမထုတ်နိုင်ဘဲ ကိုယ်အယူနှင့်ကိုယ်ပင် မှန်ကန်နေခဲ့ကြလေသည်။

နှစ်ဆယ်ရာစု အစပိုင်းလောက်တွင် အက်တမ်ခေါ် အဏုမြူကိုလည်း ထပ်မံ ချေခွဲ၍ ဖျက်ဆီးနိုင်သည်ဟု သက်သေပြကာ ဖျက်ဆီးပြခဲ့ကြ၏။ ထိုအချိန်မှ စ၍ ရုပ်မှန်သမျှ ပျက်စီးရသည်ဟူသော အဖြေမှန်ကို ရရှိ လက်ခံကြရလေတော့သည်။

ဤသို့စသည်ဖြင့် မမှန်သေးသော အသိအမြင်များကို အမှန်သို့ ရောက်အောင် ဖော်ထုတ်ပေးသော အမှုသည် " မမှန်သေးသော အရာကို ဖော်ထုတ်ခြင်း " မည်၏။

## ကိုယ်တိုင်ဟောနှင့် ကိုယ်ပိုင်ဟော

စာရေးသူသည် ဓမ္မရံသီမဂ္ဂဇင်း၌ ' ဗုဒ္ဓဘာသာနှင့် သက္ကာယဒိဋ္ဌိပြဿနာ ' ဆိုသည့် ဆောင်းပါးရှည်ကြီးကို ၂၀၀၀–ပြည့်နှစ် ဖေဖော်ဝါရီလမှ ဇွန်လအထိ ၅–လဆက် ရေးသားခဲ့ပါသည်။ ထိုဆောင်းပါးထဲတွင် သာမုက္ကံသိကဒေသနာကို ' ကိုယ်တိုင်ဟောဒေသနာ ' ဟု မြန်မာမှုပြု၍ ဖော်ပြခဲ့ပါသည်။ အချို့ပညာရှင်တို့ကမူ ' ကိုယ်ပိုင်ဟောဒေသနာ ' ဟု ဝေါဟာရပြုသည်လည်း ရှိပေသည်။ ဆရာကြီး မောင်အုံ့ (သကျသီဟ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ မဟာဝိဇ္ဇာ–ဘုံဘေ) ရေးသော ' ဥပနိသျှဒ်ကျမ်းများ ' စာအုပ်၊ စာမျက်နှာ ၅၁– ၅၂တို့၌–

*"မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်ကလည်း ဒါနနှင့် စပ်ဆိုင်သောတရား၊ သီလနှင့် စပ်ဆိုင်သောတရား၊ ကသိုဏ်း ၁၀–ပါး အစရှိသော သမထအကျင့်တရားများကို မိမိကိုယ်ပိုင်*

*တရား (သာမုက္ကံသိကဒေသနာ) ဟု မိန့်တော် မမူခဲ့ချေ။ မြတ်စွာဘုရားရှင်၏ ကိုယ်ပိုင်တရားတော် (သာမုက္ကံသိကဒေသနာ ) မှာ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ် ၁၂–ပါး၊ မဂ္ဂင်ရှစ်ပါး၊ ဗောဓိပက္ခိယတရား ၃၇–ပါးတို့ ဖြစ်ပါသည်။ "–*

ဟု ရေးသားဖော်ပြခဲ့သည်။

စာရေးသူ တင်ပြခဲ့သော ' ကိုယ်တိုင်ဟောဒေသနာ ' ၏ အဓိပ္ပာယ်မှာ အထက်ကပြခဲ့သော ' ကိုယ်ပိုင်ဟောတရားတော် ' နှင့် ထပ်တူပင် ဖြစ်ပါသည်။ သို့ရာတွင်စာရေးသူသည် ' ကိုယ်ပိုင် ' ဟူသော ဝေါဟာရကို မသုံးဘဲ ' ကိုယ်တိုင် ' ဟူသော အရေးအသားဖြင့် တင်ပြခဲ့ပါသည်။ ထိုအခါတွင် သာမုက္ကံသိကဒေသနာ၏ သဘောတရားကို မှုန့်မှုန့်ညက်ညက် မသိသေးသော ပုဂ္ဂိုလ်တို့မှာ ရင်ဝကို လေဆောင့်သလို အောင့်သက်သက်ကြီး ဖြစ်သွားပေလိမ့်မည်။

စာရေးသူ ဆိုလိုချင်သည်မှာ ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ပြီး ဟောပြသော ကိုယ်တိုင်ဟောဒေသနာပင် ဖြစ်ပါသည်။ စာရေးသူသည် ကိုယ်ပိုင် ဟူသော ဝေါဟာရကို မသုံးခဲ့သည်မှာ အထက်က ဖော်ပြခဲ့သော ဖော်ထုတ်ခြင်း သုံးမျိုးကို ဆင်ခြင် သုံးသပ် မိသောကြောင့် ဖြစ်သည်။

မြတ်စွာဘုရား ဟောကြားခဲ့သော သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ ပဋိစ္စသမုပ္ပါဒ်တရားစသည်တို့မှာ ဗုဒ္ဓကိုယ်တိုင် ထိုးထွင်းဉာဏ်ဖြင့် ဟောကြားခဲ့သောကြောင့် ကိုယ်ပိုင်တရားဟု ဆိုနိုင်သလိုလို ရှိသော်လည်း ထိုတရားတို့မှာ ဗုဒ္ဓပိုင်သော တရားများ မဟုတ်ပေ။ ထို့အတူ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတို့မှာလည်း ဗုဒ္ဓဘုရားပိုင်သော တရားတို့ မဟုတ်ပေ။

ဗုဒ္ဓဘုရား ကိုယ်တော်တိုင်ကလည်း ဘုရားဆိုသည် မိမိတစ်ဆူတည်း မဟုတ်။ မဂ်ဖိုလ်နိဗ္ဗာန်တရားတို့သည်လည်း မိမိပိုင်သော အရာများမဟုတ်။ ရှေးရှေးသော ဘုရားရှင်တို့သည်လည်း ဤတရားတို့ကို ဟောကြားခဲ့ကြပြီ ဖြစ်သည်ဟု ဟောမိန့်ခဲ့သည်။ သာသနာပအခါ၌ ပျောက်ကွယ်နေသောကြောင့် ဘုရားရှင်တို့ ပွင့်ထွန်းလာကာ ပြန်လည် ဖော်ထုတ်ပေးခြင်းသာ ဖြစ်ကြောင်း ဟောကြားခဲ့သည် မဟုတ်လော။

သို့ဖြစ်ရာ မဂ်ဖိုလ် နိဗ္ဗာန်တရားတို့သည် ဗုဒ္ဓဘုရားရှင်က တီထွင်ဟောကြားပေးသော တရားမဟုတ်ကြောင်း သိရပေမည်။ ယခင်ကပင် ရှိနေသော နာမ်ပရမတ်တရားများ ဖြစ်သည်။ ထိုနာမ်ပရမတ်တရားတို့မှာ လူသားတို့ အသိ၌ ပျောက်ကွယ်နေသောကြောင့် ဗုဒ္ဓဘုရှင်က အသိသစ်အဖြစ်ဖြင့် ပြန်လည် ဖော်ထုတ်ပေးခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင် ကိုယ်တိုင် ထိုးထွင်း၍ သိသဖြင့် ဟောကြားသော ကိုယ်တိုင်ဟောတရားတော် ( သာမုက္ကံသိကဒေသနာ) တို့ကို " မသိသေးသော အရာကို ဖော်ထုတ်ပေးခြင်း " ဟုဆိုသော အစု၌ ထည့်သွင်းရပေသည်။

## ကိုယ်တိုင်ဟော ဒေသနာနှစ်မျိုး

ဗုဒ္ဓဘုရားသည် လူသားတို့အား ဒေသနာ အစားစားဖြင့် ဟောကြားရာ၌ သစ္စာလေးပါး စသော တရားတို့ကဲ့သို့ ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ သိသဖြင့် ဟောကြားသော သာမုက္ကံသိကဒေသနာအမျိုးအစားနှင့် အခြားပုဂ္ဂိုလ်တို့ လက်ခံဟောကြားနေကြသော ကျင့်စဉ်တရားတို့ကို ဘုရားကလည်း လက်ခံလျက် ဟောကြားနေသော ဒေသနာအမျိုးအစားဟူ၍ နှစ်မျိုးရှိပေသည်။

– ကုမ္ပဏီတစ်ခုသည် ကိုယ်ပိုင်ပစ္စည်းကိုလည်း ထုတ်လုပ် ရောင်းချနေ၏။
– ထိုကုမ္ပဏီသည် အခြားကုမ္ပဏီက ထုတ်လုပ်သော ပစ္စည်းတို့ကိုလည်း ဖောက်သည်ယူ၍ ရောင်းချနေ၏။

အထက်ပါ ကုမ္ပဏီဥပမာကဲ့သို့ ဗုဒ္ဓဘုရားသည် ဝါဒလမ်းစဉ်တစ်ခုကို ချမှတ်ရာ၌ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့မြင်ထုတ်ဖော်သာ ကိုယ်တိုင်ဟောဒေသနာများကိုသာလျှင် သာမုက္ကံ

သိကဒေသနာဟု ခေါ်ပါသည်။ ကိုယ်ပိုင်ပစ္စည်းကို ထုတ်လုပ်ရောင်းချခြင်းနှင့် တူပါသည်။

ဗုဒ္ဓဘုရားသည် အခြားပညာရှင်တို့ လက်ခံနေသော ကျင့်ဝတ်ကျင့်စဉ်များကို လက်ခံ၍ ဟောကြားသော ဒေသနာများလည်း ရှိသည်။ ဤဒေသနာတို့ကို ကိုယ်တိုင်ဟောကြားသော သာမုက္ကံသိကဒေသနာဟု မခေါ်ရချေ။ ဖောက်သည်ယူ၍ ရောင်းသော ကုန်ပစ္စည်းများနှင့် အလားတူလေသည်။

ဤအဓိပ္ပာယ်ကို အမ္ဗဋ္ဌသုတ်လာ စကားဖြင့်လည်း ထင်ရှားစေပါသည်။ သီလက္ခန်ပါဠိတော်၊ စာမျက်နှာ ၁၂၂–၌ ဘုရားရှင်သည် ပေါက္ခရသာတိပုဏ္ဏားအား–

*"မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော်သိမြင်ပြီးသော (သာမုက္ကံသိက) တရားဒေသနာတော်ကို ဟောကြားတော်မူလျက် ဆင်းရဲ 'ဒုက္ခ 'ကိုလည်းကောင်း၊ ဆင်းရဲဖြစ်ကြောင်း 'သမုဒယ 'ကိုလည်းကောင်း၊ ဆင်းရဲချုပ်ရာ 'နိရောဓ 'ကိုလည်းကောင်း၊ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ် 'မဂ္ဂ 'ကိုလည်းကောင်း ပြသတော်မူသည်။ "*–

ဟု ဆိုပါသည်။

ဤမျှဖြင့် သာမုက္ကံသိကဒေသနာ၏ သဘောကို နားလည်လောက်ပြီ။

ဗုဒ္ဓဘုရားသည် ဝါဒလမ်းစဉ်ကို ချမှတ်ဟောကြားရာ၌ မိမိအယူသာလျှင် အမှန်ချည်းဟု လက်ခံသော အယူဝါဒ မဟုတ်ပေ။ အခြားပညာရှင်တို့၏ ကျင့်ကြံမှု အပိုင်းကိုလည်း အမှန်တရားများ ဖြစ်ပါက လက်ခံ၍ ဟောကြားခဲ့ခြင်းလည်း ရှိပေသည်။ ဗုဒ္ဓဘုရားသည် မိမိ၏ ခံယူချက်တို့ကို သီလက္ခန်ပါဠိတော်၊ မဟာသီဟနာဒသုတ်၌ အောက်ပါအတိုင်း ဟောကြားထားခဲ့ပေသည်။

*"ထိုသမဏ ဗြာဟ္မဏတို့နှင့် ငါ၏ အယူဝါဒသည် အချို့နေရာ၌ တူညီ၏။ အချို့နေရာ၌ မတူညီ။*

- *ထိုသမဏ ဗြာဟ္မဏတို့က "ကောင်း၏ "ဟုဆိုသော အချို့အရာကို ငါတို့ကလည်း "ကောင်း၏ "ဟု ဆို၏။*
- *ထိုသမဏ ဗြာဟ္မဏတို့က "မကောင်း "ဟုဆိုသော အချို့အရာကို ငါတို့ကလည်း "မကောင်း "ဟုပင် ဆိုကုန်၏။*
- *ထိုသမဏ ဗြာဟ္မဏတို့က "ကောင်း၏ "ဟုဆိုသော အချို့အရာကို ငါတို့က "မကောင်း "ဟု ဆိုကုန်၏။*
- *ထိုသမဏ ဗြာဟ္မဏတို့က "မကောင်း "ဟုဆိုသော အချို့အရာကို ငါတို့က "ကောင်း၏ " ဟု ဆိုကုန်၏။ "*

ဗုဒ္ဓဘုရား လက်ထက်က ဝါဒရေးရာကို ဟောပြောနေကြသူတို့သည်လည်း အကောင်းတရားကို ရှာဖွေ၍ မိမိတို့ အမြင်ဖြင့် ဟောကြားနေကြခြင်းသာ ဖြစ်ပေသည်။ ၎င်းတို့ ရှာဖွေထားသော အကောင်းတရား ကျင့်စဉ်တို့မှာလည်း လူသားအကျိုးပြု ကျင့်စဉ်များ ပါဝင်နေပေသည်။ ရာနှုန်းပြည့် မှန်ကန်သည်ဟု မဆိုနိုင်သော်လည်း အတိုင်းအတာဖြင့် အကျိုးပြုနေကြလေသည်။

ထိုပုဂ္ဂိုလ်တို့ ရှာဖွေဟောကြားသော အကောင်းတရားတို့ကိုလည်း ဘုရားရှင်က မျက်ကွယ်မပြုပေ။ ပြစ်၍လည်း မဖြစ်ပေ။ တကယ်တမ်းကောင်း၍ တကယ်တမ်းမှန်သော လမ်းစဉ်ကို မည်သည့်လူသားမဆို လက်ခံရမည်သာ ဖြစ်သည်။ ထန်းလျက်သည် ချို၏။ ဆားသည် ငန်၏ဆိုသော မှန်ကန်သည့် အဆိုပြုချက်မျိုးကို မည်သူမျှ ငြင်းဆိုနိုင်ခြင်း မရှိချေ။ လူမျိုးမရွေး ဘာသာမရွေး လက်ခံကြရမည်သာ ဖြစ်ပေသည်။

## ပေါင်းကူးယှက်လာ ကဗျာနှစ်ပုဒ်

စာရေးသူတို့ ငယ်နုစဉ်က မနုသမုတိကျမ်းလာ သက္ကတကဗျာတစ်ပုဒ်ကို ဖတ်ရှုရသည်။

ကဗျာမှာ အောက်ပါအတိုင်း ဖြစ်သည်။

အဘိဝါဒန သီလဿ ၊ နိတျံ ဗြိဒ္ဓေါပ သေဝိနး ။

စတွာရိ တဿ ဝဒ္ဓန္တ ၊ အာယု ဝိဒျာ ယသော ဗလမ်။ ။

အထက်ပါ ကဗျာနှင့် အလားတူသော ပါဠိဘာသာ ကဗျာတစ်ပုဒ်ကို ဗုဒ္ဓစာပေတို့၌လည်း တွေ့ရှိရသည်။ ဘုန်းတော်ကြီးများ ဆုပေးရာ၌လည်း ရွတ်ဆိုလေ့ရှိသော နိုင်ငံကျော် ပါဠိကဗျာ ဖြစ်သည်။ ထိုကဗျာမှာ အောက်ပါအတိုင်း ဖြစ်သည်။

အဘိဝါဒန သီလိဿ ၊ နိစ္စံ ဝုၜာ ပစာယိနော ။

စတ္တာရော ဓမ္မာဝၶန္တိ ၊ အာယု ဝဏ္ဏော သုခံ ဗလံ။ ။

အထက်ပါ ကဗျာနှစ်ပုဒ်ကို ဖတ်ရှုရသောအခါ စာရေးသူတို့ စိတ်တွင် သံသယစိတ်များ ဖြစ်ခဲ့ရပါသည်။ ဒွိဟစိတ်များ ပွားခဲ့ရသည်။ ကဗျာနှစ်ပုဒ်သည် ဤမျှတူညီနေမှုကိုလည်း အံ့သြရသည်။ သို့ရာတွင် ကဗျာနှစ်ပုဒ်၏ အခြေခံမူချင်းကား မတူညီကြပေ။ တစ်ပုဒ်သည် သက္ကတဘာသာ ကဗျာဖြစ်သည်။ ဗြာဟ္မဏဘာသာဝင်တို့ လက်ခံထားသော ကျမ်း၌ ပါဝင်နေ၏။

ကျန်တစ်ပုဒ်သည် ပါဠိဘာသာ ကဗျာဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ ကျမ်းစာဖြစ်သော ဓမ္မပဒပါဠိတော်၊ သဟဿဝဂ်၊ ဒီဃာဝုကုမာရဝတ္ထု၌ ပါဝင်နေသည်။ ဤသို့ ဝါဒချင်းလည်း မတူ၊ ဘာသာစာပေချင်းလည်း မတူပါဘဲလျက် အဘယ့်ကြောင့် တူညီနေသနည်း။ မည်သည့်ဘာသာက ကူးယူ၍ အသံလှယ်ထားသနည်းဟု စဉ်းစားခဲ့ဖူးသည်။

နောက်ပိုင်းတွင် မဟာသီဟနာဒသုတ်လာ စကားဖြင့် ဖြေသိမ့်နိုင်ခဲ့သည်။ ဗုဒ္ဓဘုရားက "ထိုသမဏ ဗြာဟ္မဏတို့က "ကောင်း၏ "ဟုဆိုသော အချို့အရာကို ငါတို့ကလည်း "ကောင်း၏ "ဟု ဆို၏။ "ဟု ဟောမိန့်ထားသည်။

သို့ဖြစ်လျှင် ဗြာဟ္မဏစာပေက ကူး၍ အသံလှယ်ထားသည်ဖြစ်စေ၊ ဗုဒ္ဓစာပေက ကူးယူ၍ အသံလှယ်ထားသည်ဖြစ်စေ အထူးအထွေ စစ်ဆေးနေစရာ မလိုတော့။ ကဗျာနှစ်ပုဒ်လုံး၌ ပါသော ရိုသေထိုက်သူကို ရိုသေခြင်းသည် ဗြာဟ္မဏဝါဒအားဖြင့် အကောင်းတရားဟု သတ်မှတ်ထားသကဲ့သို့ ဗုဒ္ဓဝါဒကလည်း မင်္ဂလာတစ်ပါးဟု မိန့်ဆိုထားသည် မဟုတ်ပါလော။

ဗုဒ္ဓ၏ ဓမ္မကျမ်းစာ အဖြာဖြာကို လေ့လာသောအခါ၌ ဝါဒရေးရာ၊ အယူအဆရေးရာတို့ကို နှိုင်းယှဉ်ဟောပြရာတွင် ဗုဒ္ဓဘုရားသည် သမဏနှင့် ဗြာဟ္မဏတို့၏ ဝါဒများနှင့် နှိုင်းယှဉ်၍ ဟောပြလေ့ ရှိသည်။ ဤသို့ နှိုင်းယှဉ်ဟောပြနေရသည်မှာ ဗုဒ္ဓခေတ်၌ ပေါ်ပေါက်နေသော သမဏဂိုဏ်းနှင့် ဗြာဟ္မဏဂိုဏ်းကြီးတို့သည် အန္ဒိယတစ်ခွင်၌ စံတင်လောက်အောင် ကြီးထွားနေသောကြောင့် ဖြစ်ပေသည်။ ဤတွင် သမဏဂိုဏ်းနှင့် ဗြာဟ္မဏဂိုဏ်းတို့၏ သမိုင်းစဉ်ကို အနည်းငယ် ချဲ့ထွင်ကြည့်ရပေလိမ့်မည်။

## ဗြာဟ္မဏဂိုဏ်း

ဗြာဟ္မဏတို့ စတင်တည်ဆောက်ခဲ့သောကြောင့် ဗြာဟ္မဏဂိုဏ်းဟု ခေါ်ခြင်းဖြစ်သည်။ ဗြာဟ္မဏဂိုဏ်းကြီးသည် ဝေဒကျမ်းကို အခိုင်အမာပြု၍ လက်ခံထားကြသည်။ ထိုဝေဒကျမ်းကို ပြုစုပေးသူတို့ကား ရသေ့များတည်း။ အမ္ဗဋ္ဌသုတ်၌ ဝေဒကျမ်းပြု ရသေ့တို့ကို ၁၀-ဦးမျှ ဖော်ပြထားသည်။ ၎င်းတို့မှာ အဋ္ဌကရသေ့၊ ဝါမကရသေ့၊ ဝါမဒေဝရသေ့၊ ဝေဿာမိတ္တရသေ့၊ ယမဒဂ္ဂိရသေ့၊ အင်္ဂီရသရသေ့၊ ဘာရဒွါဇရသေ့၊ ဝါသေဋ္ဌရသေ့၊ ကဿပရသေ့၊ ဘဂုရသေ့တို့ ဖြစ်ပေသည်။

ရသေ့တို့သည် အိန္ဒိယနိုင်ငံတွင်း၌ နေမှုဘဝ သုံးမျိုးကို ဖန်တီးဖော်ဆောင်ထားကြ၏။ ယင်းဘဝသုံးမျိုးတို့မှာ-

၁။ မေထုန်မှုကို ရှောင်ကြဉ်ရသည့် ဘဝ ၊
၂။ အိမ်ထောင် ပြုရသည့် ဘဝ ၊
၃။ တောသို့ နေ၍ ရသေ့ပြုရသည့် ဘဝ–
ဟူ၍ ဖြစ်ပေသည်။

ဗြာဟ္မဏတို့သည် ငယ်စဉ် ကလေးဘဝမှ စ၍ အသက် ၄၈–နှစ်အထိ မေထုန်မှုကို ရှောင်ကြဉ်နေကြရသည်။ ထိုအချိန်တွင် ဗြာဟ္မဏတို့ အလေးအမြတ်ပြုသော ဝေဒကျမ်းစာကို သင်ယူကြရသည်။ ဤသို့ မေထုန်မှုကို ရှောင်ကြဉ်နေရသည့် ဘဝကို ' ဗြဟ္မစာရီဘဝ ' ဟု ခေါ်ဆိုကြသည်။

အသက် ၄၈–နှစ် ရှိပြီးသောအခါ အိမ်ရာထောင်သော လူ့ဘဝကို ရယူကြရသည်။ အိမ်ရာထောင်၍ နေသောအချိန်ကာလကို ' ဂဟဋ္ဌဘဝ ' ဟု ခေါ်ဆိုကြသည်။

ထိုမှတစ်ဆင့် ဆံပင်ဖြူ၍ သားမြေးရသောအခါ ဇနီးမယားကို ခေါ်၍ တောထွက်ကြရသည်။ ထို့နောက်တွင် ဇနီးမယားကို သားသမီးများထံ ပြန်ပို့၍ ရသေ့အဖြစ်ဖြင့် တောဝနာဋ္ဌသာ နေကြရသည်။

ဤလူနေမှု ဘဝခလေ့အရ ဗုဒ္ဓမပွင့်မီ အန္ဒိယနိုင်ငံ၌ တောထွက်နေကြသော ရသေ့တို့သည် အလွန်များပြားလှလေသည်။ ထိုရသေ့တို့သည် တောထဲ၌ နေ၍ ပညာရပ်အမျိုးမျိုးကို လေ့လာလိုက်စားခဲ့ကြ၏။ အတွေ့အကြုံ အမျိုးမျိုးကို ရရှိခဲ့ကြ၏။ ထိုအတွေ့အကြုံတို့ကို ဖော်ထုတ်၍ မှတ်တမ်းတင်ကာ ကျမ်းဂန်များကို ပြုစုကြသည်။

## ရသေ့တို့၏ ပညာများ

ဗုဒ္ဓစာပေ၌ ရှေးဦး ဝေဒကျမ်းပြု ပညာရှင် ၁၀–ဦးကို ဖော်ပြထားသော်လည်း အခြားသော ပညာရပ်ဆိုင်ရာ စာပေတို့ကို ပြုစုသော ရသေ့တို့လည်း မြောက်မြားစွာ ပေါ်ထွက်ခဲ့ပေသည်။ တောနေရသေ့တို့သည် ဗြာဟ္မဏဂိုဏ်းဝင်တို့အတွက် စာပေများစွာကို ပြုစုပေးကြသည်။

- နက္ခတ္တဗေဒဆိုင်ရာ ပညာရပ်များ ၊
- ဆေးဝါးကုသမှုဆိုင်ရာ ပညာရပ်များ ၊
- ဂီတကဗျာဆိုင်ရာ ပညာရပ်များ ၊
- သဒ္ဒါ ဗျာကရုဏ်းကျမ်းများ ၊
- ကိုယ်ကျင့်သီလဆိုင်ရာ ကျင့်ဝတ်များ ၊
- ကမ္မဋ္ဌာန်းဘာဝနာဆိုင်ရာ ကျင့်စဉ်များ ၊
- ဘဝဖြစ်စဉ် အသစ်များ ၊
- လားရောက်ရာ ဘုံဌာနများ ၊
- လူတန်းစား ဇာတ်စနစ် ပုံစံများ ၊
- လူမှုရေးဆိုင်ရာ ဆောင်ရွက်နည်းများ ၊
- ရွတ်ဆိုစရာ ဂါထာမန္တန်များ ၊
- ယုံကြည်မှုဆိုင်ရာ သဘောတရားသစ်များ ၊
- ကိုးကွယ်မှုဆိုင်ရာ နတ်ဒေဝါများ–

စသည်ဖြင့် များလှစွာသော လူမှုရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ ဆောင်ရွက်ဖွယ်များကို ဖော်ထုတ်ပြဋ္ဌာန်းခဲ့ကြလေသည်။

အထက်ပါ လုပ်ငန်းဆောင်ရွက်ချက်တို့ကို ဗြာဟ္မဏတို့က လက်ခံ၍ ကိုယ်တိုင်လည်း ကျင့်သုံးသည်။ အခြားသူတို့အတွက်လည်း ဆောင်ရွက်ပေးခဲ့ကြသည်။ ကာလကြာသော် ဗြာဟ္မဏတို့သည် ဘာသာရေး ဝန်ထမ်းများ ဖြစ်လာကြ၏။ ယဇ်ပူဇော်ပေးခြင်း၊ ဂါထာမန္တန် ရွတ်ပေးခြင်း၊

ဝေဒကျမ်းစာကို သင်ကြားပေးခြင်းစသော ဘာသာရေးတာဝန်တို့ကို ဗြာဟ္မဏပုဂ္ဂိုလ်တို့က ဆောင်ရွက်ပေးကြသည်။ ဗြာဟ္မဏတို့သည် ဘာသာရေးတာဝန်တို့ကို ဆောင်ရွက်နေရသဖြင့် အခြားလုပ်ငန်း တို့ကို မလုပ်နိုင်ကြပေ။ ဗြာဟ္မဏတို့၏ စား ဝတ် နေရေးကို လူအများက တာဝန်ယူ၍ လှူဒါန်းကြ သည်။ ဗုဒ္ဓဂေါတမခေတ်တွင် အချို့ဗြာဟ္မဏကြီးများမှာ မြို့စားကြီးများပင် ဖြစ်နေသည်ကို တွေ့ရပေသည်။ ဗြာဟ္မဏတို့သည် ထီးနန်းအသိုင်းအဝိုင်း၌ ဘာသာရေးဆိုင်ရာ ဝန်တမ်းများအဖြစ် လုပ်ကိုင်ဆောင်ရွက်ကြ၏။ ထိုပုဂ္ဂိုလ်များကို မင်းဆရာ ပုရောဟိတ်ဟု ခေါ်ဆိုကြသည်။ မင်းမသုံးသော ဗြာဟ္မဏများမှာမူ ဗေဒင်ကျမ်းများကို ကျက်မှတ်လျက် အရပ်တကာ လှည့်၍ ဟောပြောကြလေသည်။

## ဗြာဟ္မဏနှင့် ပုဏ္ဏား

ဗြာဟ္မဏယဉ်ကျေးမှု ဓလေ့ထုံးစံများသည် မြန်မာနိုင်ငံသို့လည်း ရောက်ရှိပြန့်ပွားခဲ့သည်။ မြန်မာနိုင်ငံသားတို့က ဗြာဟ္မဏကို ပုဏ္ဏားဟု မြန်မာဘာသာဖြင့် ခေါ်ဆိုခဲ့ကြသည်။ အိန္ဒိယနိုင်ငံမှ ဗြာဟ္မဏဘာသာဝင် လူမျိုးတို့သည် မြန်မာမင်းများ၏ နန်းတော်တွင်း၌ အမှုထမ်းခဲ့ကြ၏။ မြန်မာမင်းတို့ကလည်း ပုဏ္ဏားတို့အား လောကီရေးရာ အဖြာဖြာတို့ကို ဆောင်ရွက်ပေးရန်အတွက် ပုဏ္ဏား ပညာရှိများကို ခန့်ထားခဲ့ကြသည်။ ၎င်းတို့၏ စားဝတ်နေရေးကိုလည်း ဖြည့်ဆည်းပေးခဲ့ကြသည်။

ရခိုင်မင်း အာနန္ဒစန္ဒြသည် ဗုဒ္ဓဘာသာ ရဟန်းတော်များကို ကျောင်းဆောက် ပေးသကဲ့သို့ ဗြာဟ္မဏပုဏ္ဏားတို့ကိုလည်း ကျောင်းဆောက် ကိုးကွယ်ခဲ့သည်။ ထိုအကြောင်းကို အာနန္ဒစန္ဒြ ကျောက်စာ၌–

“ *ကျောင်းလေးကျောင်း ဆောက်လုပ်စေ၍ ဗြာဟ္မဏရဟန်း ၅၀–ကို မြေယာကိုလည်းကောင်း၊ တီးမှုတ်ဖွယ် တူရိယာအစုံနှင့် ကျွန်ကိုလည်းကောင်း ပေးလှူ၏။ သောမတိရ်ထတွင် ဗြာဟ္မဏတို့ နေရန် အာနန္ဒမာဝေ အမည်နှင့် ကျောင်းကိုတည်၏။* ”– (သက္ကတဘာသာမြန်မာပြန်) ဟု ရေးသားထားပါသည်။ ထိုကျောက်စာကို ခရစ်နှစ် ၇၂၀–တွင် ရေးထိုးသည်ဟု ပညာရှင်တို့ တွင်ချက်ထားပါသည်။

ပုဂံခေတ် ကောင်းစားစဉ်၌လည်း ဗြာဟ္မဏပုဏ္ဏား ကုလားတို့သည် မြန်မာ့နန်းရင်ပြင်၌ တွင်ကျယ်နိုင်ခဲ့ကြသည်။ ကျန်စစ်သားမင်း နန်းသစ်တည်ရာ၌ ဗြာဟ္မဏခေါ် ပုဏ္ဏားတို့က လောကီရေးရာတို့၌ ဦးဆောင်ကာ ဆောင်ရွက်ပေးခဲ့ကြသည်။ ဂါထာမန္တန်တို့ကို ရွတ်ဖတ်၍ တည်ဆောက်ခဲ့ကြကြောင်း မွန်ဘာသာဖြင့် ကျောက်စာရေးထိုးထားခဲ့သည်။

ပုဂံခေတ်မှ စ၍ မြန်မာမင်းစဉ် တစ်လျှောက်လုံးတွင် ဗြာဟ္မဏပုဏ္ဏားတို့သည် နန်းတွင်း၌ မင်းဆရာ ပုရောဟိတ်များအဖြစ် တာဝန်ယူကာ အိန္ဒိယဓလေ့ ကျင့်ထုံးစံများဖြင့် အသုံးတော် ခံခဲ့ကြလေသည်။

## ပုဏ္ဏားနှင့် ဟူးရား

မြန်မာရာဇဝင်တို့၌ ဟူးရားဖြူ ဟူးရားညိုဟုလည်း ခေါ်ဝေါ်သုံးစွဲတတ်ကြသည်။ ပုဏ္ဏားဖြူ ပုဏ္ဏားညိုဟုလည်း ခေါ်ဆိုကြ၏။ အတူတူပင် ဖြစ်သည်။ ပုဏ္ဏားဖြူဆိုသည်မှာ ဗာရာဏသီ မဏိပူရဘက်မှ လာသော ဟိန္ဒူစတံနွယ် ကုလားဖြူများ ဖြစ်သည်။ ဟူးရားဖြူဟုလည်း ခေါ်သည်။ ရခိုင်ဒေသမှ တစ်ဆင့် ကူးရောက်လာသော အသားမည်းကုလားတို့ကို ပုဏ္ဏားညိုဟု ခေါ်သည်။ ဟူးရားညိုဟုလည်း ခေါ်သည်။

ပုဏ္ဏားနှင့် ဟူးရားဟူသော ဝေါဟာရကို အက်တီမိုလိုဂျီ ( Etymology ) ခေါ် စကား

ဇာစ်မြစ် ပညာဖြင့် စိစစ်သောအခါ အလွန်စိတ်ဝင်စားစရာ ဖြစ်လာပြန်ပါသည်။

ဗြာဟ္မဏကို မြန်မာတို့က ပုဏ္ဏားဟု အများအားဖြင့် ပြန်ဆိုကြ၏။ ထိုဝေါဟာရမှာ မြန်မာဝေါဟာရစစ်စစ် မဟုတ်ပေ။ မြန်မာတို့သည် မြေပြန့်ဒေသသို့ ရောက်မှ ဗြာဟ္မဏတို့ကို တွေ့ရှိကြရသည်။ ထိုဗြာဟ္မဏတို့သည် မြန်မာနိုင်ငံတွင်းသို့ ယခင်ကပင် ရောက်ရှိနေခဲ့ကြသည်။ မွန်တို့သည်လည်း ယခင်ကပင် ရောက်ရှိနေခဲ့ကြသည်။ မွန်တို့က ဗြာဟ္မဏကုလားတို့ကို 'ဗုံနး ' ဟု ခေါ်ဆိုခဲ့ကြ၏။ ကျန်စစ်သား နန်းတည်မွန်ကျောက်စာတွင် ''*ဗုံနး ဟုရာ မိရ်မာ မလေပ်* '' ဟု ရေးထားချက်ကို ထောက်၍ သိနိုင်ပေသည်။ ထို့ကြောင့် ပုဏ္ဏားဟု မြန်မာတို့က ခေါ်သည်မှာ မွန်ဘာသာဖြင့် ခေါ်ဆိုထားသည်ကို မိတ္တူပွားး၍ ခေါ်ဆိုခဲ့ခြင်း ဖြစ်သည်ဟု နားလည်ရပေသည်။

ဗြာဟ္မဏကို ဟူးရားဟု ပြန်ဆိုခေါ်ဝေါ်ခဲ့ကြသည်မှာ မွန်တို့ထံမှ မဟုတ်ပေ။ ဟူးရား ဝေါဟာရနှင့် ပတ်သက်၍ ရာဇဝံသဇာလိနီကျမ်း၌ အောက်ပါအတိုင်း ဖွင့်ဆိုထားသည်။

*"ဟူးရားဖြူ ဟူးရားညိုဆိုရာ၌ ဟူးရားသည်ကား လူတို့သည် နေ့ ညဥ့်နှစ်ပါးကာလ၌ တည်၏။ ထိုနေ့ညဥ့်ဟူသော ရက်ဖြင့် ကောင်းကင်၌ နက္ခတ်ဂြိုဟ်တို့၏ သွားလာသည်ကို တွက်ချက်၍ သုဘာသုဘကို ဟောပြောရာဖြစ်သော ဗြို့ဟတ်စသော ဗေဒင်ကျမ်းတို့ကို 'ဟော ရာကျမ်း 'ခေါ်သည်။ ထိုဟောရာဟူသော သက္ကတဘာသာ ဖြစ်ပုံရင်းမှာ 'အဟောရတ္တ 'ဟူသော အစ၌ အ,အက္ခရာ၊ အဆုံး၌ တနစ်လုံးဆင့် အက္ခရာတို့ ကျေ၍ ဟောရသဒ္ဒါ ဖြစ်သည်ဟု သာရာဝလိမည်သော သက္ကတဘာသာ ဗေဒင်ကျမ်း၌ ဆို၏။ ထိုဟောရာမည်သော ကျမ်းကို တတ်သောသူကိုလည်း ဟောရသဒ္ဒါကို စွဲ၍ မြန်မာဘာသာဖြင့် ဟူးရားဘတ်ခေါ်သည်။ "*

မြန်မာအဘိဓာန်ကျမ်း၌လည်း ဟူးရားဝေါဟာရကို ပါဠိ၊ သက္ကတဝေါဟာရဖြစ်ကြောင်း ဖော်ပြခဲ့၏။ အဓိပ္ပာယ်ကို ဗေဒင်တတ်သူ၊ နက္ခတ်ကြည့်တတ်သူ၊ ဗေဒင်အတတ်ဟူ၍ အနက်သုံးခု ထုတ်ပြခဲ့သည်။

မြန်မာပညာရှင်တို့ ဖွင့်ဆိုခဲ့ကြသည်မှာ မှန်ကန်ပါသည်။ အဟောရတ္တဟူသော ပုဒ်မှ အနှင့် တကို ချေထားသော ပုဒ်ဖြစ်ပါသည်။ ထိုဝေါဟာရသည် သက္ကတဘာသာ၌လည်း ပါဝင်နေသကဲ့သို့ ပါဠိအဘိဓာန် ဂါထာအမှတ် ၇၄–၌လည်း ပါဝင်နေပါသည်။

## မူရင်းအစ အီဂျစ်က

ပညာရှင်တို့သည် ထိုဝေါဟာရ၏ မူလဇာစ်မြစ်ကိုမူ ရှာဖွေခြင်း မပြုခဲ့ကြ။ အဟောရတ္တ ပုဒ်၏ မူလမွေးဖွားရာသည် အီဂျစ်ပြည်ဖြစ်သည်ကို တွေ့ရှိရသည်။ ထိုဝေါဟာရသည် အီဂျစ်ယဉ်ကျေးမှု ထွန်းကားစ ကာလကပင် ပေါ်ပေါက်ခဲ့သော ဝေါဟာရဖြစ်သည်။ ဘီစီ ၃၄၀၀– မတိုင်မီက အီဂျစ်ပြည်တွင် နိုင်းမြစ်ကို ဗဟိုပြု၍ ပြည်ထောင်စုနှစ်ခု ကွဲပြားနေခဲ့သည်။ ထိုအချိန်က နိုင်းမြစ်တောင်ပိုင်းဒေသနေ ပြည်သူတို့သည် နေနတ်ကို အကြီးအကျယ် ကိုးကွယ်ခဲ့ကြသည်။ နေနတ်ကို ၎င်းတို့က ' ဟောရတ် ' ( Horus ) ဟု ခေါ်ဆိုခဲ့ကြသည်။

ဟောရတ်ခေါ် နေမင်းသည် နေ့ညဥ့်ကို ဖြစ်စေသည်။ ရှေးခေတ်အခေါ်ဖြင့် နာရီ ၆၀– ရှိလျှင် တစ်ကြိမ်ပေါ်ပေါက်လေ့ ရှိ၏။ နေ့ပေါင်းများစွာဟူသော အရေအတွက်သည် နေထွက်နေဝင်ကာလကို သင်္ကေတပြုထားခြင်း ဖြစ်သည်။ ထို့ကြောင့် နေထွက်ချိန် တစ်ပတ် လည်သည့် တစ်နေ့နှင့် တစ်ညဥ့်ကာလကို ဟောရတ်ဟု ခေါ်ဆိုခြင်း ဖြစ်သည်။ ထိုနေ့ညဥ့်ပိုင်ရှင် နေမင်းကို ကိုးကွယ်သူတို့က ဟောရတ်အမည်ဖြင့် ခေါ်ဝေါ်ခဲ့ကြသည်။

ထိုဝေါဟာရသည် အိန္ဒိယသို့ ရောက်ရှိလာပြီးနောက် ပါဠိ၊ သက္ကတဘာသာတို့က ယူငင် အသုံးပြုခဲ့ကြ၏။ ၎င်းတို့ကမူ ' အဟောရတ္တ ' ဟူ၍ မိမိတို့ ဘာသာနှင့် လိုက်လျောညီထွေ ဖြစ်စေရန် သံတူကြောင်းကွဲပြု၍ ခေါ်ဆိုခဲ့ကြသည်။ အဓိပ္ပာယ်မှာ အီဂျစ်တို့ ယုံကြည်မှုအတိုင်းပင်

နေ့ညဥ့်တစ်ပတ်ကာလကို ခေါ်ဆိုနေခြင်း ဖြစ်သည်။

ထို့ကြောင့် ဟူးရားဟူသော မြန်မာတို့ အခေါ်သည် မူရင်းဘာသာ ရှေးဟောင်း အီဂျစ်စကားဖြစ်ကြောင်း တွေ့ရှိရ၏။ ဟောရတ်၊ အဟောရတ္တ၊ ဟောရတ်၊ ဟောရာ၊ ဟူးရားဟူ၍ နှစ်ပေါင်း ၆၀၀၀–ကျော်အတွင်း အခေါ်အမျိုးမျိုး ပြောင်းလဲလာသည်ဟု မှတ်သားရပေမည်။ ယခုဖော်ပြချက်မှာ အကျဉ်းသဘောမျှသာ ဖြစ်၍ ပညာရှင်တို့ ချဲ့ထွင်လေ့လာနိုင်ကြပေသည်။

## သမဏဂိုဏ်း

ဗြာဟ္မဏဂိုဏ်းကြီးသည် ရာစုနှစ်များစွာ ကျော်ဖြတ်လာသော အခါ၌ အကျင့်စာရိတ္တမှ စ၍ ယိုယွင်းလာကြသည်။ ဗြာဟ္မဏဝါဒ လမ်းစဉ်ပါ ကျင့်ထုံးများကို အပြည့်အဝ လိုက်နာသူ မရှိကြ။ ဤသို့ မလိုက်နာနိုင်သဖြင့် ဗြာဟ္မဏလူတန်းစားများလည်း အမျိုးမျိုး ဖြစ်လာသည်။

ထိုအချိန်တွင် ပြင်းထန်သော အကျင့်တရားတို့ကို ကျင့်ကြံအားထုတ်ကြသော ပုဂ္ဂိုလ်များ ပေါ်ပေါက်လာသည်။ ထိုပုဂ္ဂိုလ်များသည် ကာမဂုဏ်အာရုဏ်များ ပပျောက်စေရန်အတွက် မိမိတို့ ခန္ဓာကိုယ်ကို ညှဉ်းပန်းလျက် ပင်ပန်းကြီးစွာ ကျင့်ကြံအားထုတ်ကြသည်။ နွေရာသီ ပူပြင်းချိန်တွင် နေပူခံခြင်း၊ ဆောင်းရာသီ အေးမြချိန်တွင် ရေအေးချိုးခြင်း၊ ဆူးပုံပေါ် အိပ်ခြင်း၊ အစာငတ်ခံခြင်း စသော အကျင့်တို့ကို ကျင့်သုံးကြသည်။

ဗုဒ္ဓဘုရား လက်ထက်တော်က တိတ္ထိဆရာကြီး ခြောက်ဦးသည် သမဏဂိုဏ်းဝင်များ ဖြစ်ကြသည်။ ထိုအထဲတွင် မဟာဝီရအမည်ခံ ဂိုဏ်းအရှင်သည် ဗုဒ္ဓဘုရား မပွင့်မီကပင် ရှိနေနှင့်သော ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးသည် ခန္ဓာကိုယ် ညှဉ်းပန်းမှုတွင် စံတင်လောက်သူ ဖြစ်ပေသည်။ ၎င်း၏ နေထိုင်ကျင့်ကြံပုံကို ဂျိန်းဘာသာရေး စာပေဖြစ်သော 'အယာရံဂသုတ္တ' ၌ ဤသို့ ဟောမိန့်ထားသည်။

*"အရှင်မြတ်သည် ခြေသလုံးအိမ်တိုင် အဝတ်အဖုံး မရှိ။ အိမ်မဲ့ ယာမဲ့ ဖြစ်၏။ လူများသည် အရှင်မြတ်အား ရိုက်ကြ ပုတ်ကြ၏။ လှောင်ကြ ပြောင်ကြ၏။ အရှင်မြတ်သည်ကား ဂရုမစိုက်။ မိမိကမ္မဋ္ဌာန်း အားထုတ်မှုကို မပျက်စေ။ လာလအရပ်ဒေသတွင် အရပ်သားများသည် အရှင်မြတ်အား နှိပ်စက်ကလူ ပြုကြ၏။ ခွေးများနှင့် ရှူးတိုက်၍ ကိုက်စေကြ၏။ ၎င်းတို့သည် အရှင်မြတ်အား တုတ်များဖြင့် ရိုက်ကြ၏။ လက်သီးများဖြင့် ထိုးကြ၏။ သစ်သီးများ၊ ခဲလုံးများ၊ အိုခြမ်းကွဲများဖြင့် ပစ်ပေါက်ကြ၏။ နည်းမျိုးစုံဖြင့် နှိပ်စက်ညှဉ်းပန်းခြင်းကို ပြုလျက် အရှင်မြတ်၏ ကမ္မဋ္ဌာန်းထိုင်ခြင်းကို နှောင့်ယှက်ကြ၏။ သို့သော် စစ်မျက်နှာ ရှေ့တန်းမှ သူရဲကောင်းတို့ကဲ့သို့ မဟာဝီရအရှင်သည် ထိုအလုံးစုံကို ကြံ့ကြံ့ခံခဲ့၏။ ဒဏ်ရာ ရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ၊ အရှင်မြတ်သည် မည်သည့်အခါမျှ ဆေးဝါး အကူအညီကို မရှာခဲ့။ ဆေးဟူ၍လည်း မည်သည့် ဆေးကိုမျှ မမှီဝဲ။ မည်သည့်အခါမျှ ဆေးကြောသုတ်သင်မှုကို မပြု၊ ရေမချိုး။ မည်သည့်အခါမျှ သွားမတိုက်။ ဆောင်းရာသီတွင် အရိပ်ထဲ၌ ကမ္မဋ္ဌာန်းအားထုတ်၍ ပူပြင်းလှသည့် နွေရာသီတွင် ချစ်ချစ်တောက် နေပူထဲ၌ ကမ္မဋ္ဌာန်းထိုင်၏။ လပေါင်းများစွာ ရေတစ်ပေါက်မျှ မသောက်ဘဲ နေတတ်၏။ တစ်ခါတစ်ရံတွင် အရှင်မြတ်သည် ၆–ရက်ရှိမှ၊ ၈– ရက်ရှိမှ၊ သို့မဟုတ် ၁၂–ရက်ရှိမှ တစ်ကြိမ်သာလျှင် အာဟာရ မှီဝဲ၏။ ရသကင်းပြတ်စွာ ကမ္မဋ္ဌာန်းကိုသာ ရှုနေလေ့ ရှိသည်။"*

သမဏဂိုဏ်းဝင်တို့သည် ဗြာဟ္မဏတို့ အဓိက လက်ခံကျင့်သုံးသော ဝေဒကျမ်းကို ပစ်ပယ်ကြသည်။ ယဇ်ပူဇော်မှု၊ မီးပူဇော်မှုစသော အယူများကို ရှုတ်ချကြသည်။ ထိုအချိန်တွင် ငွေကုန်ကြေးကျ များစွာခံ၍ ယဇ်ပူဇော်သော အလုပ်ကို စိတ်ကုန်နေကြသော ပုဂ္ဂိုလ်တို့သည် သမဏတို့၏ အယူဝါဒကို သဘောကျ နှစ်သက်လာကြသည်။ အားပေးသူတို့ များပြားလာသည်။

သမဏတို့သည် ပစ္စည်းဥစ္စာကိုလည်း တွယ်တာမှု မရှိကြသဖြင့် ဗြာဟ္မဏတို့ကဲ့သို့ ချမ်းသာကြွယ်ဝသူများ မဟုတ်ကြ။ ကိုယ်ခန္ဓာ ပင်ပန်းအောင် ကျင့်ခြင်းသည်သာလျှင် ၎င်းတို့၏

အလုပ်ဖြစ်သည်။ ကျင့်စဉ် ဖြစ်သည်။ ဤသို့ ကျင့်မှသာ မောက္ခနန်းသို့ ကြွမြန်းနိုင်မည်ဟုလည်း ခံယူကြလေသည်။

ဤကဲ့သို့ ခန္ဓာကိုယ် ညှဉ်းပန်း၍ ကျင့်ကြံရသောကြောင့်လည်း သမဏဟု ခေါ်ဆိုခဲ့ခြင်း ဖြစ်၏။ သမဏ၏ အဓိပ္ပာယ်မှာ " ခန္ဓာကိုယ် ပင်ပန်းမှုကို ပြုကျင့်သူ " ဟု ဆိုလိုပေသည်။

## ဗုဒ္ဓအလိုကျ သမဏ

သမဏ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ သမဏဂိုဏ်းဝင် သမဏတို့နှင့်သာ သက်ဆိုင်ပေသည်။ ဗုဒ္ဓဘုရား ပွင့်ပေါ်လာသည့် အခါတွင်လည်း ထိုသမဏဟူသော စကားလုံးကို ဆက်လက် အသုံးပြုခဲ့ရပါသည်။ သို့ရာတွင် ဗုဒ္ဓဘုရား အလိုရှိသော သမဏ၏ အဓိပ္ပာယ်မှာ ရှေးခေတ်က သမဏ၏ အဓိပ္ပာယ်မျိုး မဟုတ်တော့ပေ။ ဘာသာဝေါဟာရချင်း တူညီသော်လည်း အဓိပ္ပာယ်ချင်း ခြားနားလာပေသည်။ ဗုဒ္ဓဘုရားသည် ခန္ဓာကိုယ်ကို ညှဉ်းပန်းသော အကျင့်ကို လက်မခံသည့် အလျောက် သမဏ၏ အဓိပ္ပာယ်ကို အမြင်တစ်မျိုးဖြင့် ဖွင့်ဆိုရပေတော့သည်။

ဗုဒ္ဓစာပေတို့ကို လေ့လာရာ၌ ဗုဒ္ဓဘုရားကိုလည်း သမဏဟူသော ဝေါဟာရဖြင့် ခေါ်ဆိုထားသည်။ ရှင်အသဃိက ရှင်ဥပတိဿအား ဟောကြားသော ယေဓမ္မာ ဂါထာတော်တွင် " *ဧဝံဝါဒီ မဟာသမဏော၊* " ဟူ၍ ဘုရားရှင်ကို သမဏတစ်ပါးအဖြစ် ဖော်ပြထားသည်။ ဤသို့ ဟောဆိုထားသဖြင့် ရှေးခေတ်က သမဏဂိုဏ်းဝင် သမဏတစ်ပါးနှင့် ရောထွေးလွဲမှားစရာ ရှိပေသည်။ ထို့ကြောင့် သမဏပုဒ်ကို သမဏဂိုဏ်းဆိုင်ရာ သမဏနှင့် ဗုဒ္ဓအလိုကျ သမဏဟူ၍ ခွဲခြား သိရှိရပေမည်။

## သံတူကြောင်းကွဲ ဝေါဟာရများ

ဗုဒ္ဓဘုရားသည် မိမိ၏ ဓမ္မဒေသနာတို့ကို ဟောပြရာ၌ သမဏဝေါဟာရကဲ့သို့ အခြားဝေါဟာရများလည်း များစွာရှိသည်။ ထိုဝေါဟာရများကို ထည့်သွင်းဟောပြရာတွင် မိမိအလိုရှိသော ဝေါဟာရ၏ အဓိပ္ပာယ်ကို အကျယ်ဖွင့်၍ ဟောပြရလေ့ ရှိသည်။

မှန်ပါသည်။ ဝေါဟာရကို တီထွင်ရန်မှာ လွယ်ကူသော အရာမဟုတ်ပေ။ ဘုရားရှင်၏ တရားတော်အတွက်လည်း သီးခြားဝေါဟာရများ မရှိသဖြင့် ယခင် ရှိပြီးသော ဝေါဟာရကိုပင် ယူငင်၍ ဟောပြရသည်။ ဗုဒ္ဓဘုရားရှင်၏ ဓမ္မဒေသနာများ၌ အတ္တ၊ သတ္တ၊ ပုဂ္ဂလ၊ သရီရ၊ ကမ္မ၊ သမဏ၊ ဗြာဟ္မဏ၊ ဘဝ၊ အဝိဇ္ဇာ၊ ဝိဇ္ဇာ၊ စရဏ၊ နတ္ထိက၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိစသော ဝေါဟာရများကို ထည့်သွင်း ဟောကြားခဲ့သည်။ ထိုဝေါဟာရများသည် ဗုဒ္ဓခေတ် မတိုင်မီက သမဏနှင့် ဗြာဟ္မဏတို့လည်း ဟောကြားထားခဲ့ကြသည်။

သို့ရာတွင် ဗုဒ္ဓဘုရားက မိမိအလိုရှိသော သမဏ ဗြာဟ္မဏစသည့် အဓိပ္ပာယ်မှာ ယခင် သုံးပြီးသော ဝေါဟာရ အဓိပ္ပာယ်နှင့် မတူ။ အယူအဆချင်း ခြားနားပုံကို အနက်သစ်ဖွင့်၍ ဟောပြရသည်။ သမဏဆိုသည်မှာ ကိလေသာကို ငြိမ်းစေနိုင်သူကိုသမဏဟု ခေါ်ကြောင်း အဓိပ္ပာယ်သစ် ဖွင့်ပြခဲ့ရလေသည်။

ဥပမာအားဖြင့်ဆိုလျှင် ကွန်ပျူတာသုံး ဝေါဟာရများကဲ့သို့ပင် ဖြစ်သည်။ ယခင်ကာလက မောက်စ် (Mouse) ဆိုသော ဝေါဟာရကို ကြွက်သတ္တဝါဟု မှတ်သိခဲ့ကြသည်။ ကွန်ပျူတာကို တီထွင်သော ပုဂ္ဂိုလ်တို့သည် လက်ဖြင့်နှိပ်၍ အလုပ်လုပ်ရသော ပစ္စည်းကလေးကို ဝေါဟာရအသစ် မတီထွင်ဘဲ ကြွက်ကလေးအလား တင်စား၍ မောက်စ်ဟုပင် ခေါ်ဆိုထားခဲ့သည်။ သို့ဖြစ်ရာ မောက်စ်၏ အဓိပ္ပာယ်မှာ တစ်မျိုးပြောင်းသွားရတော့သည်။ မောက်စ်ဆိုသည်မှာ "*ကာဆာ ( Cursor ) ကို လိုအပ်သလို ညွှန်၍ ရွေးချယ်နိုင်သော ကိရိယာ* " ဟု ကွန်ပျူတာ

ဝေါဟာရအဘိဓာန်၌ ဖွင့်ပြရလေသည်။

ထို့အတူ မီနူး (Menu) ဆိုသော ဝေါဟာရကို "စားသောက်ဖွယ် ဟင်းလျာစာရင်း၊" ဟု နားလည်ခဲ့ကြသည်။ ကွန်ပျူတာသုံး ဝေါဟာရတွင်မူ ကွန်ပျူတာလုပ်ငန်းအတွက် "*ရွေးချယ်နိုင်ရန် စာရင်းပြုစုထားသော ဇယား* " ဟု အဓိပ္ပာယ်ဖွင့်ပြရပြန်ပါသည်။

ဗုဒ္ဓဘုရား၏ တရားဒေသနာတော်တို့မှ အချို့ ဝေါဟာရများမှာလည်း ဤသဘောပင် ဖြစ်သည်။ ဗုဒ္ဓဘုရားသည် မိမိလိုလားသော ဗြာဟ္မဏဝေါဟာရ၏ အဓိပ္ပာယ်ကို ဓမ္မပဒပါဠိတော်၊ ဗြာဟ္မဏဝဂ်၌ ဂါထာပေါင်း ၄၂-ဂါထာဖြင့် ဖွင့်ဆိုဟောပြခဲ့လေသည်။

ဗုဒ္ဓဘုရား ပွင့်ပေါ်ခါနီးတွင် အထက်ပါ ဂိုဏ်းကြီးနှစ်ဂိုဏ်းတို့မှာ အိန္ဒိယတစ်ခွင်၌ တွင်ကျယ်နေလေပြီ။ အစက ဖော်ပြခဲ့သော ဝါဒအမျိုးမျိုးတို့မှာလည်း ထိုဗြာဟ္မဏနှင့် သမဏ ဂိုဏ်းဝင်တို့ နှစ်သက်ရာ လက်ခံကျင့်သုံးနေကြသော အယူဝါဒများ ဖြစ်ပေသည်။ ထိုထိုဝါဒ အရပ်ရပ်တို့ ရှုပ်ယှက်ခတ်နေစဉ် ဗုဒ္ဓအရှင်မြတ် ပွင့်ထွန်းလာခဲ့ရလေသည်။

## ဗုဒ္ဓ၏ အခြေခံ သိမြင်ချက်

ဗုဒ္ဓဘုရားသည် သစ္စာအသိဖြင့် ဓမ္မဉာဏ်သစ်ကို ရရှိပြီးနောက် အခြေခံရှုမြင်ချက် သုံးမျိုးကို မူချ၍ ဟောကြားပြသခဲ့သည်။ ထိုသုံးမျိုးကို အမြင်မှန် သုံးမျိုးဟု ခေါ်သည်။ သမ္မာဒိဋ္ဌိဟုလည်း ခေါ်ဆိုသည်။ ယင်းသုံးမျိုးတို့ကား-

၁။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ( အလုပ်နှင့် အလုပ်၏ အကျိုးတရားကို ယုံကြည်မှု ) ၊

၂။ ဝိပဿနာ သမ္မာဒိဋ္ဌိ ( ရုပ်နာမ်တို့၏ သဘာဝကို တွေးခေါ်မှု၊ ဉာဏ်အမြင်ဖြင့် ရှုမြင်မှု)

၃။ မဂ္ဂဖလ သမ္မာဒိဋ္ဌိ (မဂ်ဖိုလ်အဆင့်သို့ ရောက်အောင် ရှုမြင်နိုင်သော ဉာဏ်အမြင်)- တို့ ဖြစ်ပေသည်။

ဤတွင် ကမ္မဿကတာ သမ္မာဒိဋ္ဌိမှာ ဗုဒ္ဓဘုရားကိုယ်တိုင် ဟောကြားခဲ့သော်လည်း သာမုက္ကံသိက ဒေသနာတော် မဟုတ်ပေ။ ဗုဒ္ဓမပွင့်မီကလည်း ကံနှင့် ကံ၏အကျိုးတရားကို ယုံကြည်မှု အသိအမြင်များ ရှိနေခဲ့ကြသည်။ ထိုသမ္မာဒိဋ္ဌိ သဘောတရားကို ဗြာဟ္မဏတို့လည်း ယုံကြည်ကြသည်။ သမဏတို့လည်း လက်ခံကြသည်။ သို့ရာတွင် ဗုဒ္ဓအမြင် ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့် သမဏ ဗြာဟ္မဏတို့၏ အမြင်ကား ခြားနားချက် ရှိသည်။

- ဗုဒ္ဓအမြင် ကမ္မဿကတာ သမ္မာဒိဋ္ဌိကား အနတ္တဝါဒ အမြင်ဖြင့် လက်ခံထားခြင်း ၊
- သမဏ ဗြာဟ္မဏတို့ အမြင်ကား အတ္တဝါဒ အမြင်ဖြင့် လက်ခံထားခြင်း-

ဟူ၍ ခြားနားကြပေသည်။

တကယ်တော့မူ ကမ္မဿကတာ သမ္မာဒိဋ္ဌိသဘောတရားသည် လူသားတိုင်း လက်ခံ ရမည့် သဘောတရားလည်း ဖြစ်သည်။ အတ္တကို လက်ခံသည်ဖြစ်စေ၊ အနတ္တကို လက်ခံသည် ဖြစ်စေ ကံနှင့် ကံ၏အကျိုးတရားကို ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ အလုပ်နှင့် အလုပ်၏ အကျိုးဆက်ဖြစ်ပေါ်မှု တရားတို့ကား လူသားတို့ တည်ရှိနေသရွေ့ ဖြစ်ပေါ်နေမည်သာ ဖြစ်၏။ မည်သူ တစ်ဦးတစ်ယောက်မျှ ငြင်းဆို၍ မရသော အမှန်တရား ဖြစ်သည်။

- စပါးစိုက်ခြင်းကြောင့် ဆန်ကို စားသုံးရခြင်း ၊
- ကြံစိုက်ခြင်းကြောင့် သကြားကို စားသုံးရခြင်း ၊
- ခိုးယူခြင်းကြောင့် ဆုံးရှုံးရခြင်း ၊
- သတ်ဖြတ်ခြင်းကြောင့် သေဆုံးရခြင်း ၊
- ပေးကမ်းခြင်းကြောင့် ချစ်ခင်ကြခြင်း ၊
- စွဲလမ်းခြင်းကြောင့် သောကဖြစ်ရခြင်း ၊

– သမထအလုပ်ကြောင့် ဈာန်ကို ရခြင်း–
စသော ပစ္စုပ္ပန်အကျိုးဆက်တရားတို့သည် ငြင်းဆို၍မရသော လက်ငင်းအကျိုးပြတရား ဖြစ်ချေသည်။

ဝိပဿနာ သမ္မာဒိဋ္ဌိနှင့် မဂ္ဂဖလ သမ္မာဒိဋ္ဌိတို့ကား ဗုဒ္ဓဘုရားကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ ဟောကြားထားသော သိမြင်ချက်များ ဖြစ်သည်။ ထိုသမ္မာဒိဋ္ဌိ နှစ်ပါးသည် ဗုဒ္ဓဘုရား၏ ဓမ္မသစ်အမြင်ဖြင့် တွေးခေါ်မြော်မြင်နိုင်မှ ရရှိနိုင်ကြပေသည်။

ဗုဒ္ဓဘုရားသည် ဝါဒလမ်းစဉ်တစ်ရပ်ကို ချမှတ် ထူထောင်ရာ၌ အားလုံးကို မိမိသဘောတစ်ခုတည်းဖြင့် ဖန်တီးဖော်ဆောင်ခဲ့သည် မဟုတ်ပေ။ လူမှုဘဝနှင့် လိုက်လျောညီထွေ ဖြစ်စေသော အဟောင်းထဲက အကောင်းများကိုလည်း လက်ခံ ဟောကြားခဲ့သည်။ မိမိ၏ မဇ္ဈိမ ပဋိပဒါ လမ်းစဉ် **(THE MIDDLE WAY)**နှင့် မဆန့်ကျင်သည့် ကျင့်စဉ် ကျင့်ထုံးတို့ကို ကျင့်သုံးစေခဲ့သည်။

ဤကဲ့သို့ အဟောင်းထဲက အကောင်းတရားများနှင့် အသစ်ထဲက အနှစ်တရားတို့ကို ပေါင်းစပ် ဖွဲ့စည်းလျက် ဗုဒ္ဓဝါဒလူ့ဘောင်အတွက် ကျင့်ဆောင်ရမည့် တာဝန်လေးရပ်ကို သတ်မှတ် ဖော်ဆောင်ခဲ့လေသည်။ ထိုတာဝန်များကား–

၁။ ဒါန ( ပေးကမ်း လှူဒါန်းမှု ) ၊
၂။ သီလ ( ရုပ်ပိုင်း လေ့ကျင့်မှု ) ၊
၃။ သမထ ( စိတ်ပိုင်း လေ့ကျင့်မှု ) ၊
၄။ ဝိပဿနာ ( ဉာဏ်ပိုင်း လေ့ကျင့်မှု )–
တို့ပေတည်း။

## ဒါန ( ပေးကမ်းလှူဒါန်းမှု )

ဒါနဟူသော သဘောသည် ခံစားမှုများကို ခွဲဝေပေးသော အလှူပြင် ဖြစ်သည်။ ဗုဒ္ဓဘုရားရှင် မပွင့်မီကတည်းက ထိုဒါနမှုများ ရှိနေခဲ့သည်။ ကမ္ဘာ့လူသားတိုင်းတွင် မိမိတို့ နည်းဟန် အမျိုးမျိုးဖြင့် ဒါနလုပ်ငန်းများကို ပြုလုပ်ခဲ့ကြသည်။

ရှေးဟောင်းယဉ်ကျေးမှုများ ထွန်းကားရာ အီဂျစ်၊ ဗေဗီလုန်ခေတ်ကလည်း လှူဒါန်းမှုများ ရှိနေခဲ့သည်။ သို့သော်လည်း ထိုအချိန်က လှူဒါန်းမှုများမှာ အများအားဖြင့် စိတ္တဇ ရုပ်ပွား နတ်အများ၌သာ လှူဒါန်းပူဇော်ကြသည်။

ဗုဒ္ဓမပွင့်မီ အိန္ဒိယနိုင်ငံ၌လည်း ဟိန္ဒူဗြာဟ္မဏတို့က ဓလေ့ကျင့်ထုံးများကို ပြဋ္ဌာန်းထားခဲ့ကြသည်။ ထိုအထဲတွင် ဒါနဟူသော ပေးကမ်းလှူဒါန်းမှုလည်း ပါဝင်သည်။

ဗြာဟ္မဏတို့၏ ဒါနကျင့်စဉ်များတွင် အလှူဒါန လုပ်ငန်းများကို ပုဏ္ဏားတို့အား ပေးလှူပူဇော်ကြရန် သတ်မှတ်ထားကြသည်။ ဗြာဟ္မဏဝါဒတွင် ဇာတ်ခွဲခြားမှုအရ လူတန်းစားလေးရပ် ရှိသည်။ ယင်းတို့မှာ–

၁။ ဗြာဟ္မဏခေါ် ပုဏ္ဏားမျိုး ၊
၂။ ခတ္တိယခေါ် မင်းမျိုး ၊
၃။ ဝဿခေါ် ကုန်သည်မျိုး ၊
၄။ သုဒ္ဒခေါ် ဆင်းရဲသားမျိုး–
တို့ ဖြစ်ပေသည်။

ထိုလူတန်းစားများအနက် ခတ္တိယမင်းမျိုးနှင့် ဝဿကုန်သည်တို့သည် ဗြာဟ္မဏခေါ် ပုဏ္ဏားတို့အား လှူဒါန်းပူဇော်ကြရမည်ဟူသော ကျင့်ဝတ်များ ရှိနေလေသည်။

ဗုဒ္ဓဘုရားသည် ဇာတ်စနစ်ကို လက်မခံခဲ့ပေ။ သို့အလျောက် ဤကဲ့သို့ ဒါနမျိုးကို

ဟောကြားခြင်း မရှိပေ။ သို့ရာတွင် ဗုဒ္ဓဘုရားက ဒါနမှုပြုနိုင်ရာ ပုဂ္ဂိုလ် ၁၄–မျိုးကို ဥပရိပဏ္ဏာသ ပါဠိတော်၊ ဒက္ခိဏာဝိဘင်္ဂသုတ်၌ ဟောပြထားခဲ့၏။ ထိုပုဂ္ဂိုလ်တို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

– ဘုရားသခင်အား လှူဒါန်းခြင်း ၊
– ပစ္စေကဗုဒ္ဓါအား လှူဒါန်းခြင်း ၊
– အရိယာပုဂ္ဂိုလ် ၈– ဦးတို့အား လှူဒါန်းခြင်း ၊
– သာသနာပ၌ ဈာန်ရရသေ့တို့အား လှူဒါန်းခြင်း ၊
– သီလရှိသော လူပုထုဇဉ်တို့အား လှူဒါန်းခြင်း ၊
– သီလမရှိသော လူပုထုဇဉ်တို့အား လှူဒါန်းခြင်း ၊
– တိရစ္ဆာန်တို့အား လှူဒါန်းခြင်း ၊

ဗုဒ္ဓဘုရား၏ ဒါနမှု လုပ်ငန်းကို ကြည့်လျှင် တိရစ္ဆာန်မှ စ၍ ဘုရားသခင်အထိ ဒါနမျိုး စိုက်ပျိုးရာ ပုဂ္ဂိုလ်များ ဖြစ်သည်။ ထိုဟောမိန့်ချက်သည် လူ့ကမ္ဘာ၌ တကယ်တမ်း ဖြစ်တည်နေသော သက်ရှိလောကနှင့်သာ သက်ဆိုင်နေသည်ကို တွေ့ရှိရသည်။ မမြင်ရသော စိတ္တဇရုပ်လွှာ နတ်ဒေဝါများ မပါရှိသည်ကို တွေ့သိရလေသည်။

ဗုဒ္ဓခေတ်တွင် ဒါနမှုကို ပြုကြရာ၌ စိတ်ထားနှစ်မျိုး ပြုလုပ်နေကြ၏။ အချို့ပုဂ္ဂိုလ်တို့သည် မိမိအတွက် တုံ့ပြန်မှု အကျိုးတရားကို မျှော်ကိုးလျက် ဒါနမှုကို ပြုလုပ်ကြသည်။ ထိုတုံ့ပြန်မှု အကျိုးကို မျှော်ကိုးသော ဒါနမျိုးကို ' ဝဋ္ဋနိဿိတ ဒါန ' ဟု ခေါ်ဆိုရ၏။

အချို့ပုဂ္ဂိုလ်တို့သည် မိမိအတွက် တုံ့ပြန်မှု အကျိုးတရားကို မမျှော်လင့်ဘဲ လွတ်မြောက်သော စိတ်ဓာတ်ဖြင့် လှူဒါန်းလေ့ ရှိသည်။ ထိုပေးလှူမှုမျိုးကို ' ဝိဝဋ္ဋနိဿိတ ဒါန ' ဟု ခေါ်ဆိုရ၏။ ဗုဒ္ဓဘုရားသည် ထိုစိတ်ဓာတ်နှစ်မျိုးဖြင့် ပြုလုပ်သော ဒါနနှစ်ရပ်တို့တွင် ဝိဝဋ္ဋနိဿိတ စိတ်ဓာတ်ဖြင့် ပြုလုပ်သော ဒါနမှုမျိုးက ပို၍ မြတ်၏ဟု ဟောကြားခဲ့လေသည်။

## သီလ ( ရုပ်ပိုင်းလေ့ကျင့်မှု )

ဗုဒ္ဓဘုရား လက်ထက်တွင် သီလဟူသော ရုပ်ပိုင်းလေ့ကျင့်မှု ကျင့်စဉ်မှာလည်း တွင်ကျယ်လျက် ရှိနေပြီ။ ထိုသီလဆောက်တည်မှု ကျင့်စဉ်မှာလည်း ဘုရားရှင် ဖော်ထုတ်ထားသော လုပ်ငန်းများ မဟုတ်ပေ။ ဗုဒ္ဓခေတ် မတိုင်မီကပင် ဗြာဟ္မဏနှင့် သမဏတို့က ဖော်ဆောင်ကျင့်သုံးခဲ့သော ယဉ်ကျေးမှု ဓလေ့များ ဖြစ်သည်။ သို့သော်လည်း အခြေခံကျင့်စဉ် သတ်မှတ်မှုများမှာ ဘာသာတစ်ခုနှင့် တစ်ခု မတူညီကြပေ။

ရှေးခေတ်က ဗြာဟ္မဏတို့သည် ငါးပါးသီလခေါ် လူသားတို့ ကျင့်သုံးရမည့် သီလကို ပြဋ္ဌာန်းထားကြ၏။ ထိုငါးပါသီလကို ဗြာဟ္မဏတို့က သီလဟု မခေါ်ဘဲ ' ယမ '(စည်းမျဉ်းသီလ) ဟု ခေါ်ဆိုထားကြ၏။ ယင်း ငါးပါးတို့မှာ–

၁။ ညှဉ်းဆဲသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း ၊
၂။ မှန်သောစကားကို ပြောဆိုခြင်း ၊
၃။ ခိုးဝှက်ခြင်းမှ ရှောင်ကြဉ်ခြင်း ၊
၄။ မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း ၊
၅။ အလွန်လောဘကြီးခြင်း၊ မာနကြီးခြင်းမှ ရှောင်ကြဉ်ခြင်းတို့ ဖြစ်ပေသည်။

## သမဏသီလ

သမဏဂိုဏ်းကြီးကလည်း မိမိတို့ ဝါဒကို သက်ဝင်ယုံကြည်သူတို့ အတွက် ကိုယ်ကျင့်သီလများကို ပြဋ္ဌာန်းပေးခဲ့သည်။ ထိုအထဲတွင် ဂျိန်းအရှင်၏ ငါးပါသီလလည်း ပါဝင်၏။

ဂျိန်းပိဋကတ်တော် ' ဒသမအင်္ဂ ' ကျမ်း၌ အောက်ပါအတိုင်း သတ်မှတ်ထားသည်။

၁။ သက်ရှိတို့အား နှိပ်စက်မှု မပြုရခြင်း ၊

၂။ မမှန်သော စကားကို မဆိုရခြင်း ၊

၃။ ခိုးဝှက်ခြင်းမှ ရှောင်ကြဉ်ရခြင်း ၊

၄။ မေထုန်မှု မပြုရခြင်း ၊

၅။ ရှိရှိသမျှ အရာဝတ္ထုများကို မတွယ်တာရခြင်း–

တို့ ဖြစ်လေသည်။

## ဗုဒ္ဓ၏ သီလကျင့်စဉ်

ဗုဒ္ဓဘုရား ပွင့်ပေါ်လာပြီးနောက် အထက်ပါ ဝါဒကြီး နှစ်ခုတို့သည် ကျယ်ပြန့်စွာ တည်ရှိနေသကဲ့သို့ ၎င်းတို့၏ ကျင့်ဝတ်သီလများလည်း လူသားတို့ကို ထိန်းချုပ်ကွပ်ကဲလျက် ရှိ၏။

ဗုဒ္ဓဘုရားသည်လည်း မိမိ၏ ဝါဒလမ်းစဉ်အတွက် လူသားတို့ ထာဝရကျင့်သုံးရမည့် ကျင့်စဉ်သီလကို ပြဋ္ဌာန်းရတော့မည်။ ထိုအခါ ယခင်ဝါဒဟောင်းများက သတ်မှတ်ထားသော သီလများကို လေ့လာကြည့်မိမည်။ ဝါဒဟောင်းများ၌ ပါသော အကျင့်သီလတို့မှာလည်း အကောင်းတရားများပင် ဖြစ်ပါသည်။ သို့ရာတွင် လူသားတိုင်းနှင့် လိုက်လျောညီထွေ ဖြစ်ရန်မှာ အထူးလိုအပ်လှပေသည်။ ပြဋ္ဌာန်းချက်အတိုင်း မလိုက်နာနိုင်လျှင်လည်း သီလတခြား၊ ကျင့်သုံးမှုတခြား ဖြစ်နေပေလိမ့်မည်။

အထက်ပါ ဝါဒဟောင်းကြီး နှစ်ရပ်လုံးတွင် " *မေထုန်မှုမှ ရှောင်ကြဉ်ရမည်။* " ဟူ၍ ပြဋ္ဌာန်းချက်များ ထားရှိနေသည်။ ဗြာဟ္မဏဝါဒတွင် အမျိုးသားတစ်ယောက်သည် အသက် ၄၈–နှစ်အထိ မေထုန်ကို ရှောင်ကြဉ်ရသည်။ ဤပြဋ္ဌာန်းချက် သီလမှာ တင်းမာလွန်းသည်ဟု ဗုဒ္ဓကိုယ်တော်တိုင် ဉာဏ်အမြင်ဖြင့် ဆင်ခြင်ကြည့်မိမည်။ ထိုအခါ ' အဗြဟ္မစရိယ ' သိက္ခာပုဒ် ကျင့်စဉ်သည် အစဉ်ထာဝရ စောင့်ထိန်းရန် ခက်ခဲကြောင်း သိမြင်လာမည် ဖြစ်ပေသည်။ လူ့ဘဝတစ်သက်တာတွင် ၄၈–နှစ်လုံးလုံး စောင့်ထိန်းနိုင်ရန်မှာလည်း ခက်ခဲသော ကိစ္စဖြစ်သည်။

မှန်ပေသည်။ လူသားတို့ သဘာဝတွင် အသက် ၁၀–နှစ်ကျော်လျှင် ဟိုက်ပိုသားလမတ် ( Hypothalamus ) ၏ လှုံ့ဆော်မှုအရ ပျိုရွယ်သူတို့ ဘဝကို ရရှိလာကြသည်။ ပျိုရွယ်သူတို့ စိတ်ဓာတ်များ ကိန်းတည်လာကြသည်။ ပျိုရွယ်သူတို့ အာသာများ ပေါ်ပေါက်လာကြသည်။ ထိုကာမတဏှာ ကာမအာသာကို လူသားတိုင်း တော်လှန်နိုင်ကြသည် မဟုတ်ပေ။ ထိုအလို အာသာများမှာ သဘာဝက ဖြစ်ပေါ်စေသော အာသာဆန္ဒလည်း ဖြစ်နေသည်။

ထို့ကြောင့် ဗုဒ္ဓဘုရားသည် လူသားတို့၏ ထာဝရကျင့်စဉ်ထဲတွင် မေထုန်ရှောင်ရေး ကျင့်စဉ်ကို မထည့်သွင်းခဲ့ပေ။ မေထုန်ရှောင်မှု ကျင့်စဉ်ကို ရက်ပိုင်းခြား၍ ရှောင်ကြဉ်ရသော ' ဥပုသ်သီလ ' ထဲ၌ ထည့်သွင်း၍ ပြဋ္ဌာန်းထားခဲ့လေသည်။

## ဗုဒ္ဓဝါဒ ငါးပါးသီလ

ဗုဒ္ဓဘုရားသည် မိမိလက်ထက်တွင် ကျင့်သုံးနေကြသော ကုရုတိုင်းသားတို့၏ လူမှုကျင့်ဝတ်ကို သဘောကျသည်။ ကုရုတိုင်းသားတို့သည် မေထုန်ရှောင်ရေး ကျင့်စဉ်ကို အသုံးမပြုဘဲ မေထုန်မဖောက်ပြားမှု ကျင့်စဉ်ကိုသာ လက်ခံထားကြသည်။ ထို့ကြောင့် ကုရုတိုင်းသားတို့ ကျင့်စဉ်တွင် အဗြဟ္မစရိယ သိက္ခာပုဒ်အစား ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို သတ်မှတ်ထားကြသည်။ ထိုကျင့်စဉ်သည် လူသားတိုင်း လက်ခံနိုင်သည့် ကျင့်စဉ်မျိုး ဖြစ်သည်။

ဗုဒ္ဓဘုရားရှင်သည် လူ့ပတ်ဝန်းကျင်နှင့် လျော်ကန်သင့်မြတ်သော လူမှုကျင့်ဝတ်ကို

ကုရုတိုင်းသားတို့ ကျင့်စဉ်နည်း၌ တွေ့ရှိရသည်။ သို့ဖြစ်၍ ကုရုတိုင်းသားတို့ ကျင့်ဝတ်ဓလေ့ကိုပင် လက်ခံပြီး ပဉ္စသီလ ဓမ္မဒေသနာတော်ကို သင္ဂာယတနဝဂ္ဂသံယုတ်၊ ပဉ္စသီလသုတ်၌ ဟောကြား ထားခဲ့သည်။ ငါးပါးသီလကား–

၁။ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရန် ၊

၂။ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ရန် ၊

၃။ ကာမဂုဏ်၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ရန် ။

၄။ မမှန်သော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ရန် ၊

၅။ မေ့လျော့ကြောင်းဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ရန်–

တို့ ဖြစ်ပေသည်။

အထက်ပါ ငါးပါးသီလကို အမြဲတမ်း ကျင့်သုံးရန် ပြဋ္ဌာန်းထားသောကြောင့် 'နိစ္စသီလ' ဟုလည်းကောင်း၊ အိမ်နေသူ လူသားတို့ ကျင့်သုံးရမည့် ကျင့်ဝတ်ဖြစ်သောကြောင့် 'ဂဟဋ္ဌသီလ' ဟုလည်းကောင်း၊ ကုရုတိုင်းသားတို့၏ ကျင့်ထုံးဖြစ်သောကြောင့် 'ကုရုဓမ္မသီလ 'ဟုလည်းကောင်း၊ အလေးအမြတ် ပြုအပ်သောကြောင့် ' ဂရုဓမ္မသီလ ' ဟုလည်းကောင်း ခေါ်ဆိုကြလေသည်။

ဗုဒ္ဓဝါဒတွင် ငါးပါးသီလကို ထာဝရ ကျင့်သုံးရန် သတ်မှတ်ထားသော်လည်း အခါအား လျော်စွာ ကျင့်သုံးရမည့် ရှစ်ပါးသီလခေါ် ဥပုသ်သီလ၊ အာဇီဝဋ္ဌမကသီလ စသည်တို့ကိုလည်း ကျင့်သုံး ဆောက်တည်နိုင်ရန် ပြဋ္ဌာန်းချက်များ ရှိလေသည်။

## သမထ ( စိတ်ပိုင်း လေ့ကျင့်မှု )

သမထလုပ်ငန်းကို စိတ်ပိုင်းလေ့ကျင့်မှုဟု ဆိုရ၏။ ဤစိတ်ပိုင်းလေ့ကျင့်မှုကို ကျင့်သုံး ခြင်းဖြင့် စိတ်ငြိမ်းမှုကို ရရှိစေနိုင်၏။ မည်သည့်စိတ်တို့မှ ငြိမ်းစေသနည်း။ စိတ်ကို ညစ်နွမ်း နောက်ကျုစေသော ကိလေသာစိတ်ဓာတ်တို့မှ ငြိမ်းစေ၏။ ဤသို့ ငြိမ်းအေးလွတ်မြောက်စေရန် အတွက် လောကီအာရုံ တစ်ခုခု (ကမ္မဋ္ဌာန်းအာရုံ တစ်ခုခု) အပေါ်၌ စိတ်ကို တည်ထားကြရ၏။ ဤသို့တည်ထားပြီးလျှင် စိတ်တည်ငြိမ်မှု သမာဓိကို ရယူကြသည်။ ဤသို့တည်ငြိမ်နေစဉ် ကာလအတွင်း–

– ယုံမှားသံသယ စိတ်များ ၊
– ပြစ်မှားလိုသော စိတ်များ ၊
– ပျံ့လွင့်နေသော စိတ်များ ၊
– ပူပန်မှု စိတ်ဓာတ်များ ၊
– ကာမဂုဏ် အလိုစိတ်များ–

မေ့ပျောက်နေကြသည်။ ဤကဲ့သို့ ညစ်နွမ်းစေသော စိတ်ဓာတ်တို့မှ လွတ်မြောက်၍ ငြိမ်းချမ်းနေ သည့် ကာလကို ဈာန်ရသည်ဟု ခေါ်ကြသည်။

ဤသို့ ဈာန်ရအောင် လေ့ကျင့်၍ ချမ်းသာမှုကို ရာကြသည်မှာ ဗုဒ္ဓဘုရား လက်ထက် ရောက်မှ ပေါ်ပေါက်လာသော ကျင့်စဉ်များ မဟုတ်ပေ။ ရှေးကာလကပင် ရသေ့ကြီးများ စီမံဖန်တီး ခဲ့ကြသော ကျင့်စဉ်များ ဖြစ်သည်။ ဤသမထကျင့်စဉ်ကို ဗြာဟ္မဏဝါဒနှင့် သမဏဂိုဏ်းဝင်တို့လည်း လက်ခံကျင့်သုံးကြသည်။ သမထကျင့်စဉ်ဖြင့် ရရှိသော အကျိုးတရားများမှာ ဗြာဟ္မဏဘာသာ အတွက် အဆင့်အမြင့်ဆုံးသော နောက်ဆုံးပန်းတိုင်လည်း ဖြစ်ပေသည်။

## ဈာန်ရမှု အဆင့်ဆင့်

ဗြာဟ္မဏတို့၏ ဈာန်လမ်းစဉ်တွင်လည်းကောင်း၊ ဗုဒ္ဓဝါဒ၌ လက်ခံထားသော ဈာန်လမ်းစဉ်

တွင်လည်းကောင်း ဈာန်ရမှု အပိုင်းကို အဆင့်ဆင့် သတ်မှတ်ထားသည်။

ဗြာဟ္မဏတို့၏ ဈာနသုဒ္ဓိလမ်းစဉ်တွင် ဈာန်ရမှု အပိုင်းကို သမ္ပဇညတာသမာဓိနှင့် အသမ္ပဇညတာသမာဓိ ဟု နှစ်မျိုးခွဲခြားထားသည်။ သမ္ပဇညတာသမာဓိတွင် အဆင့်လေးဆင့် ရှိသည်။

ဈာနသုဒ္ဓိဝါဒလာ အဆင့်လေးဆင့်သည် ဗုဒ္ဓစာပေ၌ ရှိနေသော စတုက္ကနည်း ရူပဈာန် လေးပါးနှင့် အလားတူသည်။ ချွတ်စွပ် မတူသော်လည်း သဘောတရား တူပေသည်။

ဗုဒ္ဓစာပေထဲတွင် ဈာန်ရမှု လုပ်ငန်းကို နည်းနှစ်မျိုးဖြင့် လေ့ကျင့်ကြရ၏။ ထိုနည်းနှစ်မျိုး ဖြင့် လေ့ကျင့်လျက် ဈာန်ရှစ်မျိုးကို ရရှိနိုင်ကြသည်။ ထိုဈာန်တို့ကား ရူပဈာန် လေးပါး၊ အရူပဈာန် လေးပါးတို့ ဖြစ်၏။ ထိုရှစ်ပါးကို 'သမာပတ်ရှစ်ပါး ' ဟု ပေါင်း၍ ခေါ်ဆိုထားလေသည်။

ထိုဈာန်များတွင် ရူပဈာန်ကို ရရန်အတွက် ပထဝီကသိုဏ်းစသော ရုပ်ပိုင်းအာရုံ တစ်ခုအပေါ်၌ စိတ်ကို တည်ထားလျက် သမာဓိရအောင် အားထုတ်ရ၏။ ဤသို့ အားထုတ်သဖြင့် ရူပဈာန် လေးမျိုး (ငါးမျိုး) ကို ရရှိကြသည်။

အရူပဈာန်ကို ရရှိရန်အတွက်မှာမူ ရုပ်လွန်ကမ္မဋ္ဌာန်းခေါ် အာရုံပေါ်၌ စိတ်ကိုတည် ထားလျက် အားထုတ်ကြရသည်။ ဤသို့ ကျင့်သဖြင့် အရူအဈာန် လေးမျိုးကို ရရှိကြသည်။ ဤဈာန်ရမှုကျင့်စဉ်နှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများကို ဗြာဟ္မဏစာပေတို့၌လည်းကောင်း၊ ဗုဒ္ဓစာပေတို့၌လည်းကောင်း အကျယ်တဝန်း ရှင်းလင်း ရေးသားထားကြလေသည်။

ဤသို့ ဈာန်လမ်းစဉ်ကို ကျင့်သုံးကြရာတွင် ဝါဒများ၏ အခြေခံ ယုံကြည်မှုချင်းကား မတူညီကြပေ။ ဗြာဟ္မဏတို့သည် အတ္တဝါဒကို လက်ကိုင်ထားနေကြသူများ ဖြစ်၏။ ထို့ကြောင့် သူတို့၏ ဈာန်လမ်းစဉ်ကို အတ္တဝါဒဖြင့် ဖန်တီးဖော်ဆောင်ထားသည်။ သာသနာပ အခါ၌ ဈာန်ရသူ ပုဂ္ဂိုလ်များမှာ ထိုပုဂ္ဂိုလ်များပင် ဖြစ်သည်။ ဗုဒ္ဓဝါဒသည်ကား အတ္တတရားကို လက်မခံသော ဝါဒ ဖြစ်သည်။ ထို့ကြောင့် ဈာန်လမ်းစဉ်ကို အနတ္တအမြင်ဖြင့် ဖော်ဆောင်ထားလေသည်။

လူသားတို့သည် အတ္တဝါဒကို ခံယူသည်ဖြစ်စေ၊ အနတ္တဝါဒကို ခံယူသည်ဖြစ်စေ ဈာန်လမ်းရောက်ကြောင်းကို လက်ခံကျင့်သုံးလျှင် ဈာန်တရားကို မုချ ရနိုင်သည်သာ ဖြစ်သည်။ အထက်က ကမ္မနှင့် ကမ္မဝိပါက သဘောတရားကို ဖော်ပြရာ၌ သမထအလုပ်ကြောင့် ဈာန်ကိုရခြင်း ဆိုသည့် လက်ငင်းအကျိုးဆက်တရားကို ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။

ဗုဒ္ဓဘုရားရှင်သည် သမထတရားဖြင့် ဈာန်ရမှု လုပ်ငန်းကိုလည်း အတိုင်းအတာဖြင့် ကိလေသာကို ပယ်ခွာနိုင်သောကြောင့် မိမိဝါဒ၏အတွင်း၌ ထည့်သွင်း ဟောကြားထားခဲ့၏။ ထိုသမထ တရားသည် ဗုဒ္ဓဘုရား၏ ကိုယ်ပိုင်ဉာဏ်ဖြင့် သိသော ကိုယ်တိုင်ဟောတရား ( သာမုက္ကံ သိကဒေသနာ ) မဟုတ်ချေ။

## ဈာန်ကာလ အပိုင်းအခြား

ဈာန်ရပုဂ္ဂိုလ်တို့သည် ဈာန်ကို ဝင်စားနေစဉ် ကာလ၌သာ ညစ်နွမ်းမှုစိတ်ဓာတ်ကို ပယ်ခွာနိုင်ကြသည်။ ၎င်းတို့သည် အစဉ်ထာဝရ ဈာန်ဝင်စားနေခြင်း ( ဈာနသမာပတ္တိ ) မဖြစ်နိုင်ကြပေ။ ဈာန်မဝင်စားနိုင်ဘဲ ဈာန်မှ ကင်းကွာနေခဲ့လျှင် ညစ်နွမ်းမှု ကိလေသာစိတ်ဓာတ်များ ပြန်လည် ပေါ်ပေါက်လာကြသည်။ ထို့ကြောင့် ဈာန်ရသူတို့ ကိလေသာပယ်ခွာသော ကာလကို 'ခွာ၍ပယ်ခြင်း '( ဝိက္ခမ္ဘနပဟာန် )ဟု ခေါ်ဆိုရသည်။

မှန်၏။ ဈာန်ဖြင့် ကိလေသာစိတ်ဓာတ်ကို ပယ်ခွာရာမှာ ဘဝတစ်သက်တာအတွက် ခိုင်လုံသော ပယ်ခွာမှုမျိုး မဟုတ်ပေ။ အာရုံအပြောင်းအလဲ ပြု၍ ပယ်ခွာထားခြင်း ဖြစ်သည်။ ကမ္မဋ္ဌာန်းခေါ်သော အာရုံပေါ်၌ စိတ်က စူးစိုက်နေစဉ်၌သာ ပယ်ခွာနိုင်ကြ၏။ ပညာရှင်တို့ကမူ

နွားရိုင်းကလေးကို ချည်တိုင်ဝယ် တုပ်နှောင်ထားသဖြင့် မတိုး မဖော့ မကန်နိုင်သကဲ့သို့ ကမ္မဋ္ဌာန်း အာရုံဖြင့် စိတ်ကို သိမ်းချုပ် တုပ်နှောင်ထားသောကြောင့် ထကြွမှုစိတ်များ မေ့ပျောက်နေရသည်ဟု ဥပမာပြုထားကြလေသည်။

ဘုရားရှင်သည် ဈာန်တရားဖြင့် ကိလေသာ ပယ်ခွာနိုင်မှုကို လက်ခံခဲ့သော်လည်း ထိုအောင်မြင်မှုမှာ တကယ့်အောင်မြင်မှုမျိုး မဟုတ်ဟု မိန့်ကြားခဲ့သည်။ ဈာန်မဝင်စားဘဲ နေသောအခါတွင် ညစ်နွမ်းသော ကိလေသာစိတ်ဓာတ်များ ပြန်လည်နိုးကြားလာသဖြင့် ဆုံးရှုံးမှုနှင့် ကြုံကြရပြန်သည်။ ဤသဘောတရားကို ဖော်ညွှန်း၍ ဘုရားရှင်သည် ဇာတက၊ ကုဒ္ဒါလဇာတ်၌ ဤသို့ ဟောကြားထားသည်။

"*အကြင်အောင်မြင်မှုသည် တစ်ဖန်ပြန်၍ ဆုံးရှုံးနိုင်၏။ ထိုအောင်မြင်မှုသည် ကောင်းသော အောင်မြင်မှု မဟုတ်သေး။ အကြင်အောင်မြင်မှုသည်ကား တစ်ဖန်ပြန်၍ မရှုံးနိုင်။ ထိုအောင်မြင်မှုသည် ကောင်းသော အောင်မြင်မှု ဖြစ်၏။* "

ဘုရားရှင်အလိုတော်အရ တစ်ဖန်ပြန်၍ မရှုံးနိုင်သော တရားကား အဘယ်တရားဖြစ်သနည်း။ ထိုတရားမှာ ဝိပဿနာ ဉာဏ်အမြင်ဖြင့် ဆင်ခြင်သုံးသပ်ရာမှ တွေ့မြင်နိုင်သည့် မဂ်ဉာဏ် ဖိုလ်ဉာဏ်တရား ဖြစ်သတည်း။

## ဝိပဿနာ ( ဉာဏ်ပိုင်းလေ့ကျင့်မှု )

ဝိပဿနာ၏ သဘောသည် ရုပ်နာမ်တို့၏ သဘာဝကို ထူးထူးခြားခြား ရှုကြည့်သော လုပ်ငန်းဖြစ်သည်။ အတွေးအမြင်ကို အရင်းခံ၍ အပြန်ပြန်သုံးသပ် ဆင်ခြင်ရသော လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ဝိပဿနာလုပ်ငန်းကို 'ဉာဏ်ပိုင်းလေ့ကျင့်မှု 'ဟု ခေါ်ဆိုရ၏။

ဗုဒ္ဓ၏ ဓမ္မအမြင်တွင် ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်စေရန် သဘာဝလောက၏ အရှိတရားတို့ကို သုံးသပ်ဆင်ခြင် ကြည့်ရသည်။ ဤသို့ ရှုကြည့်ရာတွင် အခြေခံမှု သုံးချက်ကို ဟောပြထားသည်။ ထိုမှုများကား အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော ရှုမြင်ချက် သုံးရပ်ပင် ဖြစ်ပေသည်။

အနိစ္စသဘော။ ။အနိစ္စဟူသော ဝေါဟာရသည် အမြဲမရှိခြင်း ဟူ၍ အဓိပ္ပာယ်ရသည်။ ဗုဒ္ဓ၏ ဒဿနအမြင်အရ ရုပ်နာမ်သင်္ခါရများ ဖြစ်ပေါ်နေမှုတွင် အမြဲတည်နေသော တရားဟူ၍ မရှိ။ ဖြစ်ပြီးတိုင်း ပျက်စီးနေကြသည်။ ဤကဲ့သို့ မမြဲမှုသဘော တရားကို ဉာဏ်သက်ဝင်၍ ဆင်ခြင်ကြည့်ရမည်။

ဒုက္ခသဘော။ ။ လူသုံးကုန် ပစ္စည်းတစ်ခုသည် ကောင်းနေစဉ် အသုံးပစ္စည်းဖြစ်၍ ပျက်စီးသွားလျှင် အသုံးမဖြစ်တော့။ အကောင်းတရားလည်း ကုန်ဆုံးသွားရတော့သည်။ ဤသို့ ပျက်စီးမှုနှင့် ကြုံရသည်မှာ ဒုက္ခနှင့် ကြုံရခြင်းပင် ဖြစ်၏။ ထိုဒုက္ခကို သမ္မုတိဒုက္ခဟု ဆိုလို၏။ ရုပ်နာမ်သင်္ခါရတို့၏ သဘာဝကား အဖြစ်တရား မှန်သမျှသည် အခါမလပ်ပင် ပျက်စီးနေကြ၏။ ဤသို့ ပျက်စီးနေမှုကို ခဏိကဒုက္ခဟု ဆိုရ၏။ လောက၌ မည်သည့်အရာမဆို ပျက်စီးမှု ဒုက္ခနှင့် ကြုံဆုံရမြဲဖြစ်သည်။ ဤသဘောတရားကိုလည်း ဉာဏ်သက်ဝင်၍ ဆင်ခြင်ကြည့်ရမည်။

အနတ္တသဘော။ ။ဤသဘောတရားမှာ ဗုဒ္ဓခေတ် အိန္ဒိယသားတို့နှင့် သက်ဆိုင်ပေသည်။ ရှေးခေတ်အိန္ဒိယသားတို့သည် လူ၏ခန္ဓာကိုယ်၌ အတ္တတရား ရှိနေသည်။ ထိုအတ္တသည် မပျက်စီးနိုင်သော သဘောရှိသည်။ ခန္ဓာတစ်ခု သေဆုံးသော်လည်း အတ္တကား မသေ။ အခြားခန္ဓာတစ်ခုသို့ ပြောင်း၍ နေသည်ဟု လက်ခံကြသည်။ ဗုဒ္ဓဘုရားသည် ဤကဲ့သို့သော အတ္တမျိုးမှာ ခန္ဓာတွင်း၌လည်း မရှိ။ အတ္တဟူသည် ဘယ်မှာမျှ မရှိ ( သဗ္ဗေဓမ္မာ အနတ္တာ )ဟု ဟောပြခဲ့သည်။ ဤသို့ အတ္တမရှိသည့် သဘာဝကို ဉာဏ်သက်ဝင်၍ ဆင်ခြင်ကြည့်ရမည်။

## လက္ခဏာယာဉ် ဆင်ခြင်သည့်အကျိုး

ဤကဲ့သို့ ရုပ်နာမ်သင်္ခါရတို့၏ သဘာဝ အခြေအနေမှန်ကို သုံးသပ်ဆင်ခြင်၍ ကြည့်ရသည်မှာ သင်္ခါရတရားတို့ အပေါ်၌ တွယ်ငြိမှုစိတ်ဓာတ် ပပျောက်စေရန် ဖြစ်သည်။ လူတို့သည် အမိဝမ်းမှ မွေးဖွားစဉ်ကတည်းက အာရုံတရားတို့နှင့် တိုက်ဆုံနေခဲ့ကြရ၏။ ကောင်းသော အာရုံ၊ မကောင်းသော အာရုံတို့ကို တွေ့ကြုံမှတ်သားခဲ့ကြ၏။ လူတို့၏ စိတ်တွင် ကောင်းသောအာရုံကို ကြိုက်သော စိတ်ဓာတ်၊ မကောင်းသော အာရုံကို မကြိုက်သော စိတ်ဓာတ်က လွှမ်းမိုး ရစ်နှောင်နေဘိ၏။ ထိုအကြိုက်စွဲ စိတ်ဓာတ်၊ မကြိုက်စွဲစိတ်ဓာတ်များ ကိန်းတည်နေသမျှ လူ့ဘဝတွင် ငြိမ်းချမ်းမှုတရားကို မရရှိနိုင်ကြပေ။ ထိုအစွဲဥပါဒါန်စိတ်ဓာတ် ကင်းကွာမှသာလျှင် လူ့ဘဝအတွက် လွတ်မြောက်မှု အစစ်အမှန်ဖြစ်သည်ဟု ဗုဒ္ဓဝါဒက လက်ခံသည်။ ဤအစွဲ စိတ်ဓာတ်ကို ပယ်ဖျောက်နိုင်သော စိတ်ဓာတ်ပိုင်ရှင်သည်သာလျှင် ဗုဒ္ဓဘုရားရှင် ဖော်ဆောင်ထားသော စိတ်ဓာတ်ပိုင်ရှင်မျိုး ဖြစ်သည်။ ဗုဒ္ဓလိုလားသော အရိယာပုဂ္ဂိုလ်မျိုး ဖြစ်ပေသည်။

ထို့ကြောင့် ဝိပဿနာဉာဏ်အမြင်ကို ကြည်လင်စွာ သိမြင်လိုသူတိုင်းအတွက် သင်္ခါရ တရားတို့၏ အခြေအနေမှန်ကို သုံးသပ်ကြည့်ရှုရန် ဗုဒ္ဓဘုရားက ဟောကြားခဲ့ခြင်း ဖြစ်ပေသည်။ သင်္ခါရတရားတို့၏ မမြဲမှုကို ရှုဆင်ခြင်သောသူသည် မမြဲမှုအစစ်အမှန်ကို သိမြင်လာမည်။ မမြဲသော တရားတို့ အပေါ်၌ စွဲလမ်းသော စိတ်ဓာတ်ကိုလည်း ပယ်ခွာနိုင်လာမည်။ ဤသို့ ပယ်ခွာနိုင်သဖြင့် စိတ်ညစ်ထေးမှု ကိလေသာဟုဆိုအပ်သော တရားများလည်း ကင်းကွာလာလိမ့်မည်ဟု ဘုရားရှင်က ဓမ္မပဒပါဠိတော်၊ လက္ခဏာတ္တယသုတ်၌ ဟောကြားခဲ့လေသည်။

ဤကဲ့သို့ သဘာဝ၏ အရှိမှန်ကို အသိဉာဏ်ဖြင့် မော်မြင်၍ သိရှိရာမှ လွတ်မြောက်သော ကိလေသာစိတ်ဓာတ်မှာ ဘဝတစ်သက်တာအတွက် စိတ်ချရသော လွတ်မြောက်မှု ဖြစ်သည်။ မပျက်ပြယ်နိုင်သော ပယ်ခွာမှု ဖြစ်သည်။ ထိုလွတ်မြောက်မှုကို 'အကြွင်းမဲ့ ပယ်ခွာမှု '( သမုစ္ဆေဒ ပဟာန် ) ဟု ခေါ်ဆိုရလေသည်။

## ပယ်ခွာခြင်း နှစ်မျိုး

ဤတွင် စိတ်အညစ်အကြေးဖြစ်သော နီဝရဏတရားတို့ကို ပယ်ခွာရာ၌ လမ်းစဉ် နည်းလမ်း နှစ်မျိုးကို တွေ့ရှိလာရသည်။ ထိုနှစ်မျိုးမှာ သမထနည်းနှင့် ဝိပဿနာနည်းတို့ ဖြစ်သည်။ ထိုနှစ်ပါးတို့၏ ထူးခြားချက်မှာ–

– သမထနည်းသည် လောကီအာရုံထဲ၌ စိတ်ကို တည်ထားသောနည်း ၊

– ဝိပဿနာနည်းသည် လောကီအာရုံစွဲမှ စိတ်ကို ပယ်ခွာသောနည်း–

ဟူ၍ ခြားနားကြလေသည်။

သမထဖြင့် ကိလေသာ ပယ်ခွာမှုသည် အထက်က ဖော်ပြခဲ့သည့်အတိုင်း ဈာန်ဝင်စား၍ သမာဓိတည်နေဆဲ၌သာလျှင် ပယ်ခွာနိုင်သော စွမ်းရည် ရှိပေသည်။ ထိုပယ်ခွာမှုကို ဝိက္ခမ္ဘနပဟာန် ၌ ထည့်သွင်းရပြီး လောကီလောကုတ္တရာ ခွဲခြားရာတွင် လောကီအစုဖြစ်သော မဟဂ္ဂုတ်စိတ်၌ ပါဝင်ပေသည်။

ဝိပဿနာဖြင့် ပယ်ခွာနိုင်မှုကား အသိစိတ်၊ အသိဉာဏ်ဖြင့် ပယ်ခွာထားသောကြောင့် အကြွင်းမဲ့ပယ်ခြင်းဖြစ်သော သမုစ္ဆေဒပဟာန်၌ ထည့်သွင်းရပြီး လောကုတ္တရာအစုဖြစ်သော မဂ်စိတ်၌ ပါဝင်ပေသည်။

ထိုနည်းနှစ်မျိုးတို့တွင် ဈာန်ဖြင့် ပယ်နည်းကို ' သမာဓိလမ်းစဉ် ' ဟု ခေါ်ဆိုရပြီး ဝိပဿနာဖြင့် ပယ်နည်းကို ' ပညာလမ်းစဉ် ' ဟု ခေါ်ဆိုရ၏။ ဗုဒ္ဓဘုရားရှင်၏ အဓိကလမ်းစဉ်သည် သမထကို အခြေခံသော သမာဓိလမ်းစဉ် မဟုတ်ပေ။ ဝိပဿနာကို အခြေခံသော ပညာလမ်းစဉ်

သာ ဖြစ်သည်။ ပညာဖြင့် လွတ်မြောက်မှုကိုသာလျှင် အထွတ်တပ်၏။ အလေးအမြတ်ပြု၏။ ထို့ကြောင့် မူလပဏ္ဏာသပါဠိတော်၊ မဟာသာရောပမသုတ်၌–

*“ ရဟန်းတို့– ဤသို့လျှင် သာသနာတော်သည် လာဘ်သပ်ပကာ အကျော်အစော ဟူသော အကျိုးရှိမှုအတွက် မဟုတ်။ အကျင့်သီလ ပြည့်စုံမှုဟူသော အကျိုးရှိမှုအတွက်လည်း မဟုတ်။ တည်တံ့ခြင်း ‘ သမာဓိ ’ ဟူသော အကျိုးရှိမှုအတွက်လည်း မဟုတ်။ (ဒိဗ္ဗစက္ခု) ဉာဏ်အမြင်ဟူသော အကျိုးရှိမှုအတွက်လည်း မဟုတ်။ ရဟန်းတို့– အကြင် မပျက်စီးနိုင်သော စိတ်၏ လွတ်မြောက်မှုသည် ရှိ၏။ ဤသာသနာတော်သည် ဤမပျက်စီးနိုင်သော စိတ်၏ လွတ်မြောက်မှု အတွက်သာ ဖြစ်၏။ ဤမပျက်စီးနိုင်သော စိတ်၏ လွတ်မြောက်မှုသည် အနှစ်သာရပေတည်း။ ဤမပျက်စီးနိုင်သော စိတ်၏ လွတ်မြောက်မှုသည် အဆုံး (ပန်းတိုင်) ပေတည်း။ ”–*

ဟု ဟောကြားထားလေသည်။

## အားနှစ်ပါး နှိုင်းယှဉ်ချက်

ဗုဒ္ဓဘာသာ ပိဋကတ်တော်၌ သမထနှင့် ဝိပဿနာလမ်းစဉ်နှစ်ခုတို့၏ ချားနားချက်တို့ကို မြောက်မြားစွာ တွေ့ရှိရသည်။ ထိုအထဲတွင် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ မဟာဝဂ်၊ ဉာဏကထာ၊ သုတမယဉာဏ် အခန်း၌လည်းကောင်း၊ နိရောဓသမာပတ္တိဉာဏ် အခန်း၌လည်းကောင်း ကျယ်ပြန့်စွာ ဖော်ပြထားလေသည်။

အားလုံးကို ခြုံ၍ ကြည့်လျှင်–

– သမထလမ်းစဉ်၏ အထွတ်အထိပ်သည် ဈာန်ရခြင်း ၊

– ဝိပဿနာလမ်းစဉ်၏ အထွတ်အထိပ်သည် နိဗ္ဗာန်ရခြင်း–

ဟူ၍ အဖြေထွက်ရှိပေသည်။

ဈာန်ဆိုသည်မှာ ရူပဈာန်၊ အရူပဈာန်ဟု နှစ်မျိုးရှိသည်။ ရူပဈာန် ရသူကို ရူပပုဂ္ဂိုလ်ဟု ဆိုရ၏။ အရူပဈာန် ရသူကို အရူပပုဂ္ဂိုလ်ဟု ဆိုရ၏။ ၎င်းပုဂ္ဂိုလ်တို့သည် ရူပဘဝ၊ အရူပဘဝ ဟူသော အစွဲတရားကို မချေချွတ်နိုင်သေးသဖြင့် သံသရာနယ်မှ မလွတ်သေးသူများ ဖြစ်သည်။ သံသရာမှ မလွတ်သေးလျှင် ဆင်းရဲဒုက္ခမှ မလွတ်သေးသူဟု ဆိုရသည်။

ထိုသံသရာအမှုဖြင့် ဖန်တီး ရယူထားသော ဈာန်ရပုဂ္ဂိုလ်ဟု ဆိုအပ်သော ဘဝပိုင်ရှင်များမှာလည်း ပဋိစ္စသမုပ္ပာဒ်အမြင်ဖြင့် ရှုကြည့်လျှင် အမိုက်အမဲများသာ ဖြစ်နေပေသေးသည်။

ဗုဒ္ဓဘုရားရှင်သည် ဤကဲ့သို့ ဘဝဖြစ်ပေါ်မှုကို ကျင့်သုံးနေသူများအား မိစ္ဆာပဋိပဒါ အကျင့် (မှားယွင်းသောအကျင့်) ကို ကျင့်သုံးသူများဟုပင် နိဒါနဝဂ္ဂသံယုတ်၊ ပဋိပဒါသုတ်၊ စာ– (၂၃၁) ၌ ဟောကြားချက် ရှိပေသည်။

မှန်၏။ သမထလမ်းစဉ်ဖြင့် ဈာန်ယာဉ်စီးနေသော ရူပ၊ အရူပဘဝ ပိုင်ရှင်တို့သည် နီဝရဏကိလေသာတို့ကို အချိန်ပိုင်းဖြင့် ပယ်ခွာနိုင်ကြသော်လည်း အဝိဇ္ဇာဟူသော ကိလေသာကိုကား ပယ်ခွာဖူးခြင်း မရှိကြပေ။

အဝိဇ္ဇာဆိုသည်မှာ ဗုဒ္ဓဘုရားရှင် အလိုတော်အရ သစ္စာလေးပါးကို မသိမှု ဖြစ်သည်။ သစ္စာလေးပါးကို မသိသော ပုဂ္ဂိုလ်တို့သည် ဘဝဖြစ်ပေါ်မှုဟူသော သင်္ခါရမှုတို့ကို ပျိုးထောင်နေကြသည်။ ထို့ကြောင့် “ *အဝိဇ္ဇာပစ္စယာ သင်္ခါရာ* ” ဟု ဟောကြားထားခြင်း ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ် အမြင်ဖြင့် ဆင်ခြင်လျှင်–

– ပုညာဘိသင်္ခါရဖြင့် ဖြစ်ပေါ်နေသော ကာမဘဝ၊ ရူပဘဝများ ၊

– အပုညာဘိသင်္ခါရဖြင့် ဖြစ်ပေါ်နေသော အပါယ်ဘဝများ ၊

– အနေဋ္ဌာဘိ သင်္ခါရဖြင့် ဖြစ်ပေါ်နေသော အရူပဘာဝများ–
မှာ သင်္ခါရဘာဝများသာ ဖြစ်သည်။

ဓမ္မသင်္ဂဏီပါဠိတော်၌လည်း ဈာန်တရားနှင့် မဂ်တရားတို့၏ ထူးခြားဟန်ကို ကျယ်ပြန့်စွာ ဟောမိန့်ခဲ့သည်။

– ဈာန်တရားသည် လောက၌ အကျုံးဝင်သော လောကိယတရား ၊
– မဂ်ဖိုလ်နိဗ္ဗာန်တရားသည် လောကမှ လွန်မြောက်သော လောကုတ္တရာတရား ၊
– ဈာန်တရားသည် ဝဋ္ဋဆင်းရဲ၌ အကျုံးဝင်သော ပရိယာပန္နတရား ၊
– မဂ်ဖိုလ်နိဗ္ဗာန်တရားသည် ဝဋ္ဋဆင်းရဲ၌ အကျုံးမဝင်သော အပရိယာပန္နတရား ၊
– ဈာန်တရားသည် မိမိထက်လွန်မြတ်သော တရားရှိသည့် သဥတ္တရတရား ၊
– မဂ်ဖိုလ်နိဗ္ဗာန်တရားသည် မိမိထက် လွန်မြတ်သော တရားမရှိတော့သည့် အနုတ္တရတရား–
စသည်ဖြင့် ခြားနားချက် အသွယ်သွယ်ကို နားလည်အောင် ဟောပြခဲ့ပေသည်။

ဤဟောမိန့်ချက်တို့ကို ထောက်ရှု၍ ဈာန်လမ်းစဉ် ကျင့်ထုံးဖြစ်သော သမထအကျင့်သည် ဧကန်နိဗ္ဗာန်ရောက်သည့် ကျင့်ထုံးမဟုတ်ကြောင်း ရေပြင်မှာ လှေယာဉ်သွားသလို ထင်ရှားနေလေသည်။

## ဧကန် နိဗ္ဗာန်ရောက်ကြောင်းတရား

ဗုဒ္ဓဘုရားရှင်သည် ဧကန်နိဗ္ဗာန်ရောက်ကြောင်း တရားတို့ကို သီလက္ခန္ဓဝဂ္ဂပါဠိတော် ၊ ပေါဋ္ဌပါဒသုတ်၌ ဤသို့ ဟောပြခဲ့သည်။

“ *ပေါဋ္ဌပါဒ– ဤကား ဆင်းရဲတည်း ဟူသည်ကို ဧကန် (နိဗ္ဗာန်ရောက်ကြောင်း) တရားဟု ငါသည် ဟောကြားဖော်ပြ၏။ ပေါဋ္ဌပါဒ– ဤကား ဆင်းရဲဖြစ်ကြောင်းတည်း ဟူသည်ကို ဧကန် (နိဗ္ဗာန်ရောက်ကြောင်း) တရားဟု ငါသည် ဟောကြားဖော်ပြ၏။ ပါဋ္ဌပါဒ– ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) တည်းဟူသည်ကို ဧကန် (နိဗ္ဗာန်ရောက်ကြောင်း) တရားဟု ငါသည် ဟောကြားဖော်ပြ၏။ ပေါဋ္ဌပါဒ– ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ရောက်ကြောင်း အကျင့်တည်း ဟူသည်ကို ဧကန် (နိဗ္ဗာန်ရောက်ကြောင်း) တရားဟု ငါသည် ဟောကြားဖော်ပြ၏။* ”

ဘုရားရှင်၏ နိဗ္ဗာန်ရောက်ကြောင်း တရားစစ်သည် သစ္စာလေးပါးပင် ဖြစ်သည်။ အထက်ပါ သစ္စာလေးပါးသည်သာလျှင် စွဲလမ်းမှုစိတ်ဓာတ် (အနုသယ)ကို ပယ်ခွာနိုင်သော တရားဖြစ်သည်။ ဗုဒ္ဓဘုရားသည် ဤသစ္စာလေးပါးကို မသိမြင်စဉ်က ဘုရားဟူ၍ ဝန်မခံခဲ့ပေ။

ဘုရားအလောင်းတော်သည် ဓမ္မအရသာကို ခံယူလိုသဖြင့် ရဟန်းအသွင်ကို ရယူကာ တောဝနာသို့ ထွက်ခွာလာခဲ့သည်။ ရှေးဦးစွာ ကာလာမအနွယ်ဖြစ်သော အာဠာရထံသို့ ဝင်ရောက်ခဲ့သည်။ အာဠာရ၏ ဓမ္မကျင့်စဉ်ကို မေးမြန်းခဲ့သည်။ ထိုအခါ အာဠာရက ရုပ်လွန် သမထကမ္မဋ္ဌာန်းဖြင့် ရရှိနိုင်သော အာကိဉ္စညာယတနဈာန် အဆင့်ကို ပြောကြားသည်။ ဗုဒ္ဓလောင်းလျာသည် ထိုလမ်းစဉ်မှာ ဈာန်ရရုံမျှ ဖြစ်၍ နိဗ္ဗာန်ရောက်ကြောင်း မဟုတ်သောကြောင့် ဖဲခွာခဲ့၏။

ထိုနောက် ရာမ၏သား ဥဒကထံသို့ ချဉ်းကပ်ခဲ့ပြန်သည်။ ဥဒကကလည်း ဈာန်လမ်းစဉ်ကိုပင် ပြောကြားသည်။ သို့ရာတွင် ဥဒက၏ ဈာန်လမ်းစဉ်မှာ နေဝသညာနာသညာယတနဈာန်ဖြစ်သော အမြင့်ဆုံးဈာန်အဆင့် ဖြစ်သည်။ ထိုလမ်းစဉ်သည်လည်း နိဗ္ဗာန် ရောက်ကြောင်း မဟုတ်သေးသောကြောင့် ဖဲခွာခဲ့ပြန်သည်။

ဗုဒ္ဓလောင်းလျာသည် မိမိနှင့် ထိတွေ့နေသော လမ်းစဉ်တို့မှာ ဘဝဖြစ်စဉ်၌သာ နစ်မွန်းနေသော လမ်းစဉ်များ ဖြစ်၍ ဓမ္မသစ်အမြင်ကို ကိုယ်တိုင် ရှာဖွေခဲ့သည်။ နည်းမျိုးမျိုးဖြင့် ကြိုးစားအားထုတ်ခဲ့သည်။ ဘဝဖြစ်စဉ် လောကဖြစ်စဉ်တို့ကို ဝိပဿနာဉာဏ်အမြင်ဖြင့် ဆင်ခြင်ကြည့်

ခဲ့သည်။ ထိုအခါမှ သစ္စာလေးပါးဟူသော တရားမှန်ကို တွေ့မြင်လာခဲ့သည်။ အလောင်းအလျာ သည် သစ္စာကို သိမြင်သော အခါမှ ဗုဒ္ဓဟူသော ဘွဲ့ထူးကို ခံယူခဲ့ခြင်း ဖြစ်ပေသည်။ ထိုအကြောင်း ကို မူလပဏ္ဏာသပါဠိတော်၊ မဟာသစ္စကသုတ် စသည်တို့၌ အကျယ်တဝန်း တွေ့ရှိနိုင်ကြလေသည်။

## သမထနှင့် နိဗ္ဗာန်

သမထသည် နိဗ္ဗာန်ရောက်ကြောင်း မဟုတ်ဟု ဆိုလိုက်သဖြင့် အာနာပါန (ထွက်လေဝင်လေ) ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်နေကြသော ပုဂ္ဂိုလ်တို့မှာ ငယ်ထိပ်ကို တူဖြင့်ထုသလို မရှုမလှ ခံစားကြရလိမ့်မည်။ ဤသို့ ခံစားရစေရန် ရည်ရွယ်၍ ရေးသားနေခြင်း မဟုတ်ပေ။ အရှိမှန်ကို အသိဉာဏ်ဖြင့် သိမြင်ကြစေရန် တင်ပြနေခြင်းသာ ဖြစ်ပေသည်။

သမထသည် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း ဖြစ်သည်ဟု ဟောကြားထားသော သုတ်များလည်း ရှိပါသည်။ ဘုရားရှင်က အသင်္ခတသံယုတ်၊ အသင်္ခတသုတ်၌ အောက်ပါအတိုင်း ဟောကြားထား၏။

*"ရဟန်းတို့– မပြုပြင်အပ်သော အသင်္ခတတရားသည် အဘယ်နည်း။ ရာဂကုန်ရာ၊ ဒေါသကုန်ရာ၊ မောဟကုန်ရာ (နိဗ္ဗာန်) ပင်တည်း။ ဤသည်ကို မပြုပြင်အပ်သော အသင်္ခတ တရားဟု ဆိုရ၏။ ရဟန်းတို့– ထိုမပြုပြင်အပ်သော အသင်္ခတတရားသို့ ရောက်ကြောင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့– သမထပင်တည်း၊ "*

ဤသုတ်မျိုးကို ထောက်၍ သမထသည်လည်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဟု ဆိုနိုင်ပြန်သည်။ ဤသို့ဆိုလျှင် သမထသည် ဘုရားမပွင့်မီပင် ရှိနေသော ကျင့်စဉ်ဖြစ်၏။ အကယ်၍သာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်၍ နိဗ္ဗာန်အမြင်ကို သမထလမ်းစဉ်က ရရှိခဲ့လျှင် ဘုရားပွင့်နေစရာလည်း မလိုတော့။ ဘုရားမပွင့်မီကပင် နိဗ္ဗာန်ကို ရယူနိုင်ကြမည် မဟုတ်လော။ ဤသို့လည်း ရယူနိုင်ခြင်း မရှိခဲ့ကြချေ။

ဗုဒ္ဓဘုရားက သမထသည် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဟု ဟောဆိုရာမှာ သွယ်ဝိုက်သော နည်းအားဖြင့် ရနိုင်ကြောင်းကိုသာ ဟောဆိုခြင်းဟု နားလည်ရပါမည်။ တစ်နည်းဆိုလျှင် တိုက်ရိုက်ရောက်ခြင်း မဟုတ်ဘဲ အထောက်အပံ့ဖြစ်သည်ဟုသာ နားလည်ရပါမည်။ ဤသို့ဆိုလျှင် ဒါနပြုခြင်းသည်လည်းကောင်း၊ သီလဆောက်တည်ခြင်းသည်လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ဖြစ်သော အလုပ်ကောင်းများပင် ဖြစ်သည်ဟု ဆိုနိုင်လေတော့သည်။

## အာနာပါနနှင့် နိဗ္ဗာန်

သမထကမ္မဋ္ဌာန်းကို အားထုတ်သော သူတို့သည် အာနာပါနခေါ် ထွက်လေဝင်လေကို မှတ်၍ အားထုတ်ရသော နည်းကို အလွန်အသုံးများကြသည်။ ဤအာနာပါန ကမ္မဋ္ဌာန်းသည် ဗုဒ္ဓမပွင့်မီကပင် အန္ဒိယသား ဗြာဟ္မဏများ ကျင့်သုံးနေသော ကမ္မဋ္ဌာန်း ဖြစ်သည်။

ယင်းအာနာပါနသည် ဟိန္ဒူဗြာဟ္မဏတို့၏ ဓလေ့ကျင့်စဉ်ဖြစ်သော 'ပရာဏယာမ ' ကျင့်စဉ်၌လည်း ပါဝင်သည်။ ထို့ပြင် အတ္တဝါဒအမြင်အရ သံသရာမှ လွတ်မြောက်နည်းများတွင် 'ယောဂနည်း ' လည်း ပါဝင်၏။ ထိုယောဂနည်းဆိုသည်မှာ အာနာပါနကိုပင် ပွားများရသော ကျင့်စဉ်ဖြစ်ပေသည်။

ဗုဒ္ဓဘုရားသည် ရှေးဟောင်းလမ်းစဉ်ဖြစ်သော အာနာပါနကျင့်စဉ်ကိုလည်း လက်ခံ၍ ဟောကြားတော်မူခဲ့သည်။ သို့ရာတွင် အာနာပါနအခြေခံချင်း တူသော်လည်း ကျင့်စဉ်ချင်းကား ခြားနားပေသည်။ ဗုဒ္ဓဘုရား၏ အာနာပါနကျင့်စဉ်မှာ သမထကျင့်စဉ်မျိုးလည်း မဟုတ်။ အာနာပါနကို ဝိပဿနာအမြင်ဖြင့် ကျင့်ကြံရခြင်း ဖြစ်သည်။ သို့ဖြစ်၍ အာနာပါနကို သုံးမျိုး

ထား၍ ခွဲခြားနိုင်ပေသည်။

၁။ ဗြာဟ္မဏ အာနာပါန ကျင့်စဉ် ၊

၂။ သမထ အာနာပါန ကျင့်စဉ် ၊

၃။ ဝိပဿနာ အာနာပါန ကျင့်စဉ် တို့ ဖြစ်ပေသည်။

ထိုသုံးမျိုးတို့တွင် ဗြာဟ္မဏ အာနာပါန ကျင့်စဉ်သည် ထာဝရသခင် ဗြဟ္မနှင့် ပေါင်စည်းမိရန်အတွက် ကျင့်ရသော အာနာပါန ဖြစ်သည်။

သမထ အာနာပါန ကျင့်စဉ်သည် လောကီဈာန် ရရေးအတွက် ကျင့်သုံးသော လမ်းစဉ် ဖြစ်သည်။

ဝိပဿနာ အာနာပါန ကျင့်စဉ်ကား အစွဲဥပါဒါန်ကို ပယ်ခွာစေသော ဝိမုတ္တိလမ်းစဉ် ဖြစ်သည်။ ဗုဒ္ဓလမ်းစဉ်လည်း ဖြစ်သည်။ နိဗ္ဗာန်ရသည့် လမ်းစဉ်လည်း ဖြစ်သည်။

## ဝိပဿနာ အာနာပါန

ဘုရားရှင်သည် အာနာပါနဖြင့် နိဗ္ဗာန်သို့ ပို့ဆောင်ပေးခဲ့သော သုတ်တရားများ ရှိပေသည်။ ထိုသုတ်တရားတို့၌ ပါသော ဟောမိန့်ချက်တို့မှာ သမထကို ကျော်လွန်၍ ဝိပဿနာအမြင်ဖြင့် ရှုမြင်နိုင်ရန် ဟောကြားထားသော အာနာပါနလမ်းစဉ်ဖြစ်ကြောင်း သိရှိရပါမည်။

ပါရာဇိကဏ်ပါဠိတော်၊ တတိယပါရာဇိက အဖွင့်၌–

*"အနိစ္စဟု အဖန်တလဲလဲ ရှုလျက် (ထွက်လေကို) ထုတ်အံ့ဟု အားထုတ်၍ ကျင့်၏။ အနိစ္စဟု အဖန်တလဲလဲ ရှုလျက် (ဝင်လေကို) ရှူအံ့ဟု အားထုတ်၍ ကျင့်၏။ "*ဟုလည်းကောင်း၊

မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မဟာရာဟုလောဝါဒသုတ်၌လည်း–

*" ကိလေသာကို စွန့်ရာ နိဗ္ဗာန်၊ စွန့်တတ်သော မဂ်ကို အဖန်တလဲလဲ ရှုလျက် (ထွက်သက်ကို) ဖြစ်စေ၏။ ကိလေသာကို စွန့်ရာ နိဗ္ဗာန်၊ စွန့်တတ်သော မဂ်ကို အဖန်တလဲလဲ ရှုလျက် (ဝင်သက်ကို) ဖြစ်စေ၏။ "* ဟုလည်းကောင်း၊

ဥပရိပဏ္ဏာသပါဠိတော်၊ အာနာပါနဿတိသုတ်၌လည်း–

*" ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်ဖန် ရှုလျက် (ထွက်သက်ကို) ဖြစ်စေအံ့ဟု ကျင့်၏။ ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုလျက် (ဝင်သက်ကို) ဖြစ်စေအံ့ဟု ကျင့်၏။ "* ဟုလည်းကောင်း ဟောကြားချက်များ ရှိပေသည်။

ထို့ပြင် မူလပဏ္ဏာသပါဠိတော်နှင့် မဟာဝဂ်ပါဠိတော်၊ မဟာသတိပဋ္ဌာနသုတ်တို့၌လည်း အာနာပါန ကျင့်စဉ်များ ပါဝင်သည်။ ထိုကျင့်စဉ် အားလုံးတို့သည် ဝိပဿနာအမြင်ဖြင့် ရှုမြင် သုံးသပ်ထားသော အာနာပါနကျင့်စဉ်များသာ ဖြစ်ကြောင်း သိရှိရလေသည်။

ထို့ကြောင့် အာနာပါနကျင့်စဉ် သုံးမျိုးတို့တွင် ဗုဒ္ဓဘုရား ဟောကြားသော ဝိပဿနာ အမြင်ဖြင့် ရှုမြင်သော အာနာပါန ကျင့်စဉ်သာလျှင် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း အစစ်ဟူ၍ မမိုတ်မသုန် ယုံကြည်ကြကုန်ရာ၏။ စိတ်ဒွိဟ မထွေပြားဘဲ မှတ်သားကြကုန်ရာ၏။

အသင် အရိယာလောင်း သူတော်ကောင်းတို့.– ယနေ့သည် သင့်ဘဝအတွက် သက်တန်းကာလသည် တိုတောင်းလှစွာ၏။ ဘဝရပ်တည်မှုအတွက် ဆောင်ရွက်ရသော တာဝန်များလည်း ဗုဒ္ဓခေတ်ကထက် ပိုမိုနေချေ၏။ ဘုရားလက်ထက်က ပုဂ္ဂိုလ်တို့သည် သမထကို ပွားလျက် ဈာန်တရားကို ရယူခဲ့ကြ၏။ ဝိပဿနာကို ရှုမြင်လျက် မဂ်ဉာဏ်ကိုလည်း ရယူခဲ့ကြ၏။ ဤသို့ ရယူနိုင်ခဲ့သဖြင့် ဈာနလာဘီပုဂ္ဂိုလ်ဟူ၍ ပေါ်ထွန်းခဲ့၏။ ထိုပုဂ္ဂိုလ်သည် ဈာန်ရော မဂ်ပါ ရရှိနေသူ ဖြစ်ပေသည်။

ယနေ့အချိန်တွင် ဈာန်ရော မဂ်ပါ ရရှိရေးမှာ အခြေအနေအရလည်းကောင်း၊ အချိန်အခါအရလည်းကောင်း ခက်ခဲလှ၏။ သို့ဖြစ်၍ ဗုဒ္ဓဝါဒ လမ်းစဉ်အရ အဓိကကျသော ဓမ္မအမြင်ကို သိမြင်နိုင်ရန် ဦးစားပေး၍ ကြိုးစားရပေလိမ့်မည်။ ထိုလမ်းစဉ်ကား ဝိပဿနာလမ်းစဉ် ဖြစ်၏။ ထိုဝိပဿနာ လမ်းစဉ်ကို ဉာဏ်နှင့် ယှဉ်ပြီးလျှင်–

– မှားမိစ္ဆာ အယူယုတ်ကို ခွာထုတ်ရာ၏။

– ကာမဂုဏ် အစွဲဓာတ်ကို ပယ်ဖြတ်ရာ၏။

– ဘဝစုံ အဖြစ်တရားကို ရှောင်ရှားရာ၏။

ဤအစွဲစိတ်ဓာတ်တို့ကို ပယ်ဖြတ်နိုင်ပြီဆိုလျှင် ဗုဒ္ဓဘုရားရှင် လိုလားသော အရိယာအမျိုးအစား ဝိမုတ္တိလူသား အဖြစ်သို့ ရောက်ရှိခဲ့ပြီ ဖြစ်သတည်း။ ။

**( ပြီးပါပြီ)**

**ရေစကြို အရှင်ဇောတိက**

( ၃၀ ၊ ၁ ၊ ၂၀၀၂ )

( ၂၀၀၃–ခု၊ ဇန်နဝါရီလ ၁၅–ရက်နေ့တွင် ကွန်ပျူတာတွင်းသို့ ထည့်သွင်းပြီးစီးသည်။)